# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း | ၄ |
| ၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးနှင့် ဆဋ္ဌမပုံမှန် အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း | ၅ |
| ၇ | ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း | ၆ |
| ၈ | (က)-မကွေးတိုင်းဆေးရုံကြီးတွင် လိုအပ်နေသော ကျောက်ကပ်စက် နှင့် ရေသန့်စက်ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၉ | (ခ)-တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲများကိုရန်ကုန်မြို့တွင်နှစ်စဉ်ပြန်လည်ကျင်းပရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၁၀ | (ဂ)-မြန်မာနိုင်ငံတွင် အစားအသောက်စစ်ဆေးခြင်းအတွက် အယူခံဓာတ်ခွဲခန်း သတ်မှတ်ဖွင့်လှစ်ထားခြင်း ရှိ/မရှိနှင့် ပြည်ပမှတင်သွင်းသော ဆေးများအတွက် တင်သွင်းခွင့်ရရန် ကြာမြင့်ချိန် လျှော့နည်းအောင် ဆောင်ရွက်ပေးနိုင်မှု၊ တရားဝင် တင်သွင်းသောဆေးဝါးများ၏ စံချိန်စံညွှန်းနှင့် အာနိသင်လျော့နည်း ခြင်းများ တွေ့ရှိပါက မည်သို့အရေးယူခြင်း၊ ပြည်ပကုမ္ပဏီများကို တရားစွဲဆိုခြင်းများ ရှိ/မရှိကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၁၁ | (ဃ)-ဖောင်းပြင်မြို့နယ်ရှိ သညစ်ကျန်းမာရေးဌာနခွဲနှင့် မိုင်းချောင်း ကျန်းမာရေး ဌာနခွဲတို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျန်းမာရေး ဌာများအဖြစ် | ၁၇ |

အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရွာတန်းရှည်၊ စန္ဒား၊ ကိုင်းပြင်၊ ကောက်စား၊ ကွမ်းတော၊ ဇီးကုန်း၊ မန်မော်၊ ပိုးစာကုန်း ကျေးရွာများမှ ပေးရန် အသင့်လျော်ဆုံးကျေးရွာများကို စိစစ်၍ တစ်နှစ်လျှင် (၂)ရွာ သို့မဟုတ် (၃)ရွာကို ကျန်းမာရေး ဌာနခွဲများအဖြစ် ယခု ၂၀၁၇-၂၀၁၈ မှစ၍ နှစ်စဉ် Sanction ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၂ (င)-မြန်မာနိုင်ငံအနှံ့အပြား၌ ဆေးရုံ၊ ဆေးခန်းနှင့်ဝေးသော ကျေးလက်ဒေသများတွင် မွေးဖွားလာရသော ကလေးသူငယ်များ မွေးစာရင်းမှန်ကန်၊ မြန်ဆန်စွာရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း ၁၉

၁၃ ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များချမှတ် ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း ၂၃

၁၄ ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၂၈

၁၅ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း ၂၉

၁၆ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ၃၀

၁၇ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း ၃၇

၁၈ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပမည့် ၃၈

နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၁၇–၁၀–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေးနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၄–၉–၂၀၁၇ မှ ၉–၉–၂၀၁၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၄–၉–၂၀၁၇ မှ ၂၀–၉–၂၀၁၇ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၃၈)ကြိမ်မြောက် အာဆီယံ ပါလီမန်များ အထွေထွေညီလာခံ သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၄–၁၀–၂၀၁၇ မှ ၁၈–၁၀–၂၀၁၇ ရက်နေ့အထိ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၃၇)ကြိမ်မြောက် **IPU** ညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၏ ၄–၉–၂၀၁၇ မှ ၈–၉–၂၀၁၇ ရက်နေ့အထိ ချက်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၀–၉–၂၀၁၇ မှ ၁၆–၉–၂၀၁၇ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၆–၉–၂၀၁၇ မှ ၂၀–၉–၂၀၁၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၇–၉–၂၀၁၇ မှ ၂၉–၉–၂၀၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ သို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(ဇ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂–၁၀–၂၀၁၇ မှ ၆–၁၀–၂၀၁၇ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ **HIV/AIDS** ဆိုင်ရာ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအောင်နိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃–၁၀–၂၀၁၇ မှ ၅–၁၀–၂၀၁၇ ရက်နေ့ အထိ အီတလီနိုင်ငံ၌ ကျင်းပပြုလုပ်သည့် **Danieli Innovation Meeting 2017** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၏ **မကွေးတိုင်းဆေးရုံကြီးတွင် လိုအပ်နေသော ကျောက်ကပ်စက်နှင့် ရေသန့်စက်ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **တိုင်းဒေသကြီး နှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲများကို ရန်ကုန်မြို့တွင် နှစ်စဉ် ပြန်လည် ကျင်းပရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် အစားအသောက် စစ်ဆေးခြင်းအတွက် အယူခံဓာတ်ခွဲခန်း သတ်မှတ် ဖွင့်လှစ်ထားခြင်း ရှိ၊ မရှိနှင့် ပြည်ပမှ တင်သွင်းသော ဆေးများ အတွက် တင်သွင်းခွင့်ရရန် ကြာမြင့်ချိန် လျော့နည်းအောင် ဆောင်ရွက်ပေးနိုင်မှု၊ တရားဝင် တင်သွင်းသော ဆေးဝါးများ၏ စံချိန်စံညွှန်းနှင့် အာနိသင်လျော့နည်းခြင်းများ တွေ့ရှိပါက မည်သို့ အရေးယူခြင်း၊ ပြည်ပ ကုမ္ပဏီများကို တရားစွဲဆိုခြင်းများ ရှိ၊ မရှိကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **ဖောင်းပြင်မြို့နယ်ရှိ သညစ် ကျန်းမာရေး ဌာနခွဲနှင့် မိုင်းချောင်း ကျန်းမာရေးဌာနခွဲ တို့အား ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဌာနများအဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရွာတန်းရှည်၊ စန္ဒား၊ ကိုင်းပြင်၊ ကောက်စား၊ ကွမ်းတော၊ ဇီးကုန်း၊ မန်မော်၊ ပိုးစာကုန်း ကျေးရွာ များမှ ပေးရန် အသင့်လျော်ဆုံး ကျေးရွာများကို စိစစ်၍ တစ်နှစ်လျှင် (၂)ရွာ သို့မဟုတ် (၃) ရွာကို ကျန်းမာရေးဌာနခွဲ များအဖြစ် ယခု ၂၀၁၇–၂၀၁၈ မှစ၍ နှစ်စဉ် Sanction ပေးသွားရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ အနှံ့အပြား၌ ဆေးရုံ၊ ဆေးခန်းနှင့်ဝေးသော ကျေးလက်ဒေသများတွင် မွေးဖွား လာရသော ကလေးသူငယ်များ မွေးစာရင်းမှန်ကန်၊ မြန်ဆန်စွာ ရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်က **“ ရှေးဦးအရွယ် ကလေးသူငယ် ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေး ဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော် အစိုးရသို့ တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက **“ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၁၁။ **“ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ သတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊
(၃) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂၄ ရက်၊
(၄) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော် ခွင့် ၁ ရက်၊
(၅) ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ခွင့် ၄ ရက်၊
(၆) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် ၄ ရက်၊
(၇) ပုစွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၈) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊
(၉) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၄ ရက်၊
(၁၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၄ ရက်၊
(၁၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁၇ ရက်၊
(၁၂) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊
(၁၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၄ ရက်၊
(၁၄) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၄ ရက်၊
(၁၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၁၆) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊
(၁၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၁ ရက်၊
(၁၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁၈ ရက်၊
(၁၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၄ ရက်၊

(၂၀) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၄ ရက်၊
(၂၁) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊
(၂၂) မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင် ခွင့် ၁ ရက်၊
(၂၃) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၁ ရက်၊
(၂၄) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၁ ရက်၊
(၂၅) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊
(၂၆) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်၊
(၂၇) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊
(၂၈) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၄ ရက်၊
(၂၉) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၅ ရက်၊
(၃၀) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၃၁) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊
(၃၂) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၃၃) ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် ခွင့် ၄ ရက်၊
(၃၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၁ ရက်၊
(၃၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်ဘို ခွင့် ၄ ရက်၊
(၃၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ ခွင့် ၄ ရက်၊
(၃၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလွင်မောင်စိုး ခွင့် ၄ ရက်၊
(၃၈) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊
(၃၉) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၃ ရက်၊
(၄၀) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊
(၄၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၄ ရက်၊
(၄၂) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၁ ရက်၊
(၄၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်နှင့်
(၄၄) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြ၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒီနေ့စတင်ကျင်းပတဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဆုံးဖြတ်အတည်ပြုကြမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးဆောင်ရွက်ကြရမယ့်ဥပဒေကြမ်းများကတော့ ၁၇ ခုရှိပါတယ်။ အဆို များအနေနဲ့ အသင့်ဖြစ်ပြီးအဆိုကိုးခုရှိပါတယ်။ မေးခွန်းများအနေနဲ့ ပဉ္စမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမ ပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း ၈၅ ခုအပါအဝင် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၂၉ ခုရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ကာလဟာ ကျွန်တော်တို့နိုင်ငံသားတွေအားလုံး စည်းလုံးညီညွတ်မှုကို ပြသရမယ့်အချိန်အခါပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်ရင်လည်း စည်းလုံးမှုပြိုကွဲခဲ့ချိန်တွေမှာ နိုင်ငံဟာ အဘက်ဘက်က ယိုယွင်းပျက်စီးခဲ့တာကို တွေ့ကြရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကျွန်တော်တို့တိုင်းရင်းသားတွေအကြား၊ ပါတီများအကြား မယုံကြည်မှုနဲ့သံသယတွေကို ဖယ်ရှားပြီး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြဖို့ တိုက်တွန်းလိုပါတယ်။ နိုင်ငံတော်ရဲ့မည်သည့်နေရာဒေသတွင်မဆို အခက်အခဲ၊ အကျပ်အတည်း ဘေးအန္တရာယ်များနဲ့ ကြုံတွေ့လာပါက ပြည်ထောင်စုကြီးအရေးလို့ ခံယူကြပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါတယ်။ ကျွန်တော်တို့ အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ရှိနေမှသာ ပြည်တွင်းပြည်ပအန္တရာယ်တွေကို စည်းလုံး ညီညွတ်ခြင်းအင်အားဖြင့် အတူလက်တွဲကာကွယ်နိုင်ကြမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့လွှတ်တော်များ ရှင်သန်ရပ်တည် လာခဲ့တာ အခုဆိုရင် ဒုတိယသက်တမ်းရဲ့ ဆဋ္ဌမအကြိမ်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ခိုင်မာ အားကောင်းတဲ့ Legislative Institutions များ အဖြစ်နဲ့ လှုပ်ရှားလည်ပတ်နေပြီးလည်းဖြစ်ပါတယ်။ ဒီလို ဥပဒေပြုရေးတာဝန်တွေဆောင်ရွက်တဲ့အခါ Mother of Law ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ သတိပြုဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်က ပြင်ဆင်အတည် ပြုလိုက်တဲ့ ဥပဒေပြဋ္ဌာန်းချက်တွေဟာ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝကို ကာကွယ်မြှင့်တင်နိုင်တဲ့ ဥပဒေတွေဖြစ်ရပါမယ်။ လွှတ်တော်မှာ မေးမြန်းတဲ့မေးခွန်းတွေ၊ တင်သွင်းတဲ့အဆိုတွေဟာလည်း

တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်များပီသစွာ နိုင်ငံတော်နဲ့ နိုင်ငံသူ/နိုင်ငံသားများရဲ့အကျိုးစီးပွားကို ဆက်လက် ကာကွယ်မြှင့်တင်ဆောင်ရွက်ကြပါစို့လို့ပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါပြည်ပခရီးစဉ်များကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၄-၉-၂၀၁၇ မှ ၉-၉-၂၀၁၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊ (ခ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၁၄-၉-၂၀၁၇ မှ ၂၀-၉-၂၀၁၇ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့်(၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ သို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊ (ဂ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၁၄-၁၀-၂၀၁၇ မှ ၁၈-၁၀-၂၀၁၇ ရက်နေ့အထိ ရုရှားနိုင်ငံတွင် ကျင်းပ ပြုလုပ်သည့် (၁၃၇)ကြိမ်မြောက် IPU ညီလာခံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊ (ဃ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးနိုင်၏ ၄-၉-၂၀၁၇ မှ ၈-၉-၂၀၁၇ ရက်နေ့အထိ ချက်သမ္မတနိုင်ငံသို့ သွားရောက် ခဲ့သည့်လေ့လာရေးခရီးစဉ်၊ (င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၁၀-၉-၂၀၁၇ မှ ၁၆-၉-၂၀၁၇ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည့်လေ့လာရေးခရီးစဉ်၊ (စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၁၆-၉-၂၀၁၇ မှ ၂၀-၉-၂၀၁၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်၊ (ဆ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၂၇-၉-၂၀၁၇ မှ ၂၉-၉-၂၀၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံသို့သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်၊ (ဇ) ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၂-၁၀-၂၀၁၇ မှ ၆-၁၀-၂၀၁၇ ရက် နေ့အထိ ဗီယက်နမ်နိုင်ငံ HIV/AIDS ဆိုင်ရာ လေ့လာရေး သွားရောက်ခဲ့သည့်ခရီးစဉ်၊ (ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအောင်နိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃-၁၀-၂၀၁၇ မှ ၅-၁၀-၂၀၁၇ ရက်နေ့အထိ အီတလီ နိုင်ငံ၌ ကျင်းပပြုလုပ်သည့် Danieli Innovation Meeting 2017 သို့ သွားရောက်ခဲ့သည့် ခရီးစဉ်

တို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်ပခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမည်ဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မကွေးတိုင်းဆေးရုံကြီးတွင် လိုအပ်နေသော ကျောက်ကပ်စက်နှင့် ရေသန့်စက်ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဆေးရုံကြီးမှာ ကျောက်ကပ်လူနာများအတွက်လိုအပ်နေတဲ့ ကျောက်ကပ်ဆေးတဲ့စက်နဲ့ ရေသန့်စက်ဖြည့်ဆည်းပေးနိုင်ပါရန် မေးမယ့်မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဆေးရုံကြီးကို မကွေးမြို့အပါအဝင် နီးစပ်တဲ့မြို့များဖြစ်တဲ့ ချောက်၊ ရေနံချောင်း၊ နတ်မောက်၊ မြို့သစ်၊ တောင်တွင်း၊ မင်းလှ၊ မင်းဘူး၊ စကု၊ စလင်း၊ ပွင့်ဖြူ မြို့နယ်များမှ နောက် မင်းဘူးခရိုင်နှင့် မကွေးခရိုင်အတွင်းရှိ မြို့နယ်များမှ၊ ကျေးရွာများမှ ကျန်းမာရေးအတွက် အားကိုးအားထားပြုရတဲ့ ဆေးရုံကြီးပဲဖြစ်ပါတယ်။ မကွေးတိုင်းဆေးရုံကြီးမှာ ကျောက်ကပ်ဆေးစက်သုံးစုံနဲ့ ရေသန့်စက်တစ်စုံရှိပါတယ်ခင်ဗျား။ ကျောက်ကပ်ဆေးစက်တစ်စုံမှာ မြွေကိုက်ခံရတဲ့လူနာတွေနဲ့ အရေးပေါ်လူနာများအတွက် အသုံးပြုရပါတယ်။ လူနာတစ်ဦးအတွက် အချိန်လေးနာရီပေးရပါတယ်။ စက်တစ်လုံးဟာ တစ်နေ့လူနာသုံးဦးနဲ့ စက်နှစ်လုံးရှိတဲ့အတွက် လူနာခြောက်ဦးသာ ဒီကျောက်ကပ်ဆေးစက်ကဆေးနိုင်ပါတယ်။ လူနာများမှာ အချို့လူနာတွေက တစ်ပတ်ကို နှစ်ကြိမ်ဆေးရတဲ့အတွက် တစ်ပတ်မှာ ၁၅ ဦးခန့်သာ ကုသပေးနိုင်ပါတယ်။ ကျောက်ကပ်ဆေးဖို့ စောင့်ဆိုင်းနေရတဲ့ လူနာဦးရေကလည်း ၁၅ ဦးခန့်ရှိပါသေးတယ်။ စာရင်းမပေးရသေးတဲ့လူနာတွေလည်းရှိနိုင်ပါသေးတယ်။ လက်ရှိအချို့လူနာတွေဟာ နေပြည်တော်သို့လည်းကောင်း၊ ပခုက္ကူသို့လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများကိုလည်းကောင်း ခက်ခဲစွာငွေကုန်ကြေးကျခံပြီးတော့သွားရောက်ကုသနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဆေးရုံကြီးမှာ ကျောက်ကပ်ဌာနအတွက် လိုအပ်နေတဲ့ ကျောက်ကပ်ဆေးစက်နဲ့ ရေသန့်စက်ဖြည့်ဆည်းပေးနိုင်ပါရန်နှင့် စက်ပစ္စည်းထားရန်မှာလည်း အခက်အခဲမရှိကြောင်း တွေ့ရှိခဲ့ရပါတယ်ခင်ဗျား။ ဒါ့ကြောင့်မို့လို့ ဖြည့်ဆည်းပေးရန် အစီအစဉ်

ရှိ/မရှိသိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ဒီမေးခွန်းဖြစ်တဲ့ မကွေးတိုင်း ဆေးရုံမှာလိုအပ်တဲ့ ကျောက်ကပ်စက်နှင့် ရေသန့်စက် ဖြည့်ဆည်းပေးမယ့်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဖြေကြားမှာပါ။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လိုအပ်တဲ့ဆေးရုံသုံးပစ္စည်းတွေကို ဖြည့်ဆည်းပေးလျက်ရှိရာ မကွေးတိုင်း ပြည်သူ့ဆေးရုံကြီးအတွက် Haemodialysis Machine-1 Unit တစ်လုံးအား ကုသရေးဦးစီးဌာန၊ ဗဟိုကောင်စီဌာနမှာ မကွေးတိုင်းဒေသကြီးကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ထောက်ပံ့ ပေးပြီးဖြစ်ပါတယ်။ ဇူလိုင်လ ၂၇ ရက်နေ့မှာစတင်ပြီး ဒီစက်ကိုအသုံးပြုလျက်ရှိတာရှိပါတယ်။ အဲဒီတော့ မကွေးတိုင်းဆေးရုံကြီးရဲ့ ကျောက်ကပ် Haemodialysis လုပ်တာ ကျွန်တော်တို့ ပြန်လေ့လာတဲ့အခါမှာ ချက်ချင်းကျောက်ကပ် ပျက်စီးဆုံးရှုံးခြင်းအတွက်ကို ကျွန်တော်တို့ ၂၀၁၇ ခုနှစ်မှာ ၂၅၈ ကြိမ် လူ ၈၀ ကိုပေးတာ တွေ့ရပါတယ်။ ထို့အပြင် ရေရှည်ကျောက်ကပ်ပျက်စီးခြင်း လူနာ ၁၉၀ အတွက်ကို ၁၂၄၂ ကြိမ် စုစုပေါင်း ၂၅၀၀ ကြိမ်ခန့် ၂၀၁၇ ခုနှစ်မှာပေးလိုက်ရတာ တွေ့လိုက်ရတဲ့အတွက် ကျွန်တော်တို့က အခုလောလောဆယ် 3 Units ကနေ 4 Units ရှိသွားပါပြီ။ ဒါပေမဲ့ မလုံလောက်တဲ့အတွက် ထပ်ပြီးတော့ပေးဖို့စဉ်းစားပါတယ်။ စဉ်းစားတဲ့အခါကျတော့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာလည်း တစ်လုံးထပ်ပြီးပေးဖို့ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာ ကတော့ မြန်မာနိုင်ငံအစိုးရအနေနဲ့ကတော့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ပစ္စည်းကိရိယာတွေဝယ်ဖို့ကို ၇၂ ဘီလီယံကိုသုံးပါတယ်။ ဒါကို ကျွန်တော်ပြည်သူလူထုသိအောင် တင်ပြခြင်းဖြစ်ပါတယ်။ ၇၂ ဘီလီယံ ဆိုတာ နည်းတဲ့ပိုက်ဆံ မဟုတ်ပါဘူး။ ဒါပေမဲ့ အကုန်ဝယ်ပါတယ်။ ဒီကျောက်ကပ်စက်မှာဆိုလို့ ရှိရင်လည်း Haemodialysis Machine တစ်ခုက ၁၄၅ သိန်း၊ Reverse Osmosis ဖြစ်တဲ့ ရေသန့်စက်က ၃၁၉ သိန်း၊ စက် 1 Unit တပ်မယ်ဆိုလို့ရှိရင် သိန်း ၄၀၀၊ ၅၀၀ လောက်ပေးပါတယ်။ ဒါလည်း ကျွန်တော်တို့ပေးမှာပါ။ ထို့အပြင် နောက်နှစ်တွေမှာလည်း ဝယ်ဖို့ရှိပါတယ်။ ဒီနှစ်မှာတော့ ကျောက်ကပ်ဆေးစက်ပေါင်းကို သိန်း ၅၅၀၀ ဝယ်ပြီးတော့ ဆေးရုံများကိုဖြန့်ဝေဖို့ အစီအစဉ် ရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ မကွေးဆေးရုံကြီးမှာ လောလောဆယ် တစ်လုံး၊ နောက်ထပ် မကြာခင်လာမယ့်လပိုင်းတွေမှာဆိုရင်တော့ တစ်လုံး၊ နှစ်လုံးပေးမှာ ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင်တော်တော်လေး ပြည့်စုံသွားမယ်လို့ ကျွန်တော်ယူဆပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**မူကြမ်း**

**တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲများကို ရန်ကုန်မြို့တွင်နှစ်စဉ်ပြန်လည်ကျင်းပရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေး မယ့်မေးခွန်းကတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲများကို နှစ်စဉ် ရန်ကုန်မြို့မှာ ပြန်လည် ကျင်းပရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်ကဆိုရင် မြန်မာ့ဘောလုံးအားကစားဟာ အလွန်မြင့်မားခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်၊ ခြူးနစ်အိုလံပစ်ပြိုင်ပွဲမှာ ကမ္ဘာ့အသန့်ရှင်းဆုံးဆုကို ရရှိခဲ့ပါတယ်။ အာရှချန်ပီယံဖြစ်ခဲ့ ပါတယ်။ မာဒေးကားဖလား၊ ပတ်ချုံးဟီးဖလားတွေမှာလည်း ချန်ပီယံဆုကို အကြိမ်ကြိမ်ရရှိခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မြန်မာ့ဘောလုံးလက်ရွေးစင်ဘောလုံးသမားတွေဟာ အလွန်အဆင့်အတန်းမြင့်မား ခဲ့ပါတယ်။ အဲဒီ လက်ရွေးစင်ဘောလုံးသမားတွေဟာ တိုင်းနှင့်ပြည်နယ်ဘောလုံးပွဲက မွေးထုတ်ပေး လိုက်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ တိုင်းနှင့်ပြည်နယ်ဘောလုံးပွဲမှ မွေးထုတ်ပေးလိုက်တဲ့ လက်ရွေးစင်အကျော်အမော်များဖြစ်ပါတယ်။ တိုင်းနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲ မှာမကစားဘဲနဲ့ မြန်မာ့လက်ရွေးစင်ဖြစ်လာတဲ့လူဟာ အနည်းအကျဉ်းပဲရှိပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တိုင်းနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲကို ၁၉၅၂ ခုနှစ်က စပြီးတော့ ရန်ကုန်မြို့ အောင်ဆန်းကွင်း မှာ စတင်ပြီးတော့ ကျင်းပခဲ့ပါတယ်။ ပထမဦးဆုံး ချန်ပီယံကတော့ ရှမ်းပြည်နယ်အသင်းဖြစ်ပါတယ်။ ၁၉၇၂-၁၉၇၃-၁၉၇၄ သုံးနှစ်မှလွဲ၍ ရန်ကုန်မြို့မှာပဲ အမြဲတမ်းကျင်းပခဲ့ပါတယ်။ ပြည်သူလူထု တစ်ခဲနက်အားပေးပြီးတော့ မြန်မာပြည်မှာပရိသတ်စိတ်အဝင်စားဆုံးပြိုင်ပွဲဖြစ်ခဲ့ပါတယ်။ အဲဒီ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲကို ၁၉၈၉ ခုနှစ်ကစပြီးတော့ နယ်မြို့ကြီးတွေမှာ လှည့်လည် ပြီးတော့ ကျင်းပခဲ့ပါတယ်။ အဲဒီအချိန်ကစပြီးတော့ တိုင်းနှင့်ပြည်နယ်ဘောလုံးအဆင့်အတန်းဟာ ကျဆင်းသွားတယ်လို့ သုံးသပ်မိပါတယ်။ အကျိုးဆက်အနေနဲ့ကတော့ မြန်မာ့လက်ရွေးစင်အဆင့်မှာ ကျဆင်းသွားပါတယ်။ နယ်မြို့ကြီးတွေမှာ ကျင်းပတဲ့အခါမှာ ပြဿနာတစ်ခုကတော့ ဘာလဲဆိုရင် အဲဒီ အိမ်ရှင်အသင်းဟာ များသောအားဖြင့် ချန်ပီယံဖြစ်ဖို့အတွက် အခွင့်အရေးသာတာကို လေ့လာဆန်းစစ် တွေ့ရှိခဲ့ရပါတယ်။ ရန်ကုန်မှာကျင်းပတဲ့အခါမှာတော့ အဲဒီလိုမဟုတ်ပါဘူး။ ရန်ကုန်မှာကျင်းပတဲ့ ၁၂ နှစ်တာ ကာလကိုကြည့်မယ်ဆိုရင်လည်းပဲ မျှမျှတတဖြစ်တယ်ဆိုတာကို တွေ့မြင်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားတစ်ခုတိုးတက်ဖို့ဆိုတာဟာ အားပေးတဲ့ပရိတ်သတ်အပေါ်မှာ အများကြီးမူတည်ပါတယ်။ ရန်ကုန်မြို့ဟာ လူဦးရေထူထပ်များပြားတဲ့အတွက် ကွင်းပြည့်ကွင်းလျှံ အားပေးတဲ့ပရိတ်သတ်အများကြီးရှိပါတယ်။ ရန်ကုန်လူဦးရေအများစုဟာ တိုင်းဒေသကြီးနှင့်ပြည်နယ် များမှ လာရောက်အခြေချနေထိုင်သူများဖြစ်ကြပါတယ်။ နောက်ပြီးတော့ အရပ်ဒေသအသီးသီးမှ လာရောက်အလုပ်လုပ်ကိုင်သူများ အလွန်များပြားပါတယ်။ အဲဒီပြည်သူတွေဟာ မိမိတို့ရဲ့ ဒေသ

ဘောလုံးအသင်းကို တစ်ခဲနက်အားပေးလေ့ရှိပါတယ်။ ဒါကြောင့် တိုင်းနှင့်ပြည်နယ်ဘောလုံးအသင်းတွေအတွက် ရန်ကုန်မှာဂင်းတို့ရဲ့ အမာခံပရိတ်သတ်ဟာ ရှိပြီးသားဖြစ်ပါတယ်။ ရန်ကုန်ပရိတ်သတ်ဟာအားပေးမှု မျှတပြီးတော့ အားနည်းတဲ့အသင်းကိုလည်း အားပေးလေ့ရှိကြပါတယ်။ ကျွန်တော်တို့ရန်ကုန်မြို့မှာ ဘောလုံးပြိုင်ပွဲကျင်းပဖို့ရန်အတွက် နိုင်ငံတော်အဆင့်မီ သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်းရှိသလိုပဲ ပြိုင်ပွဲဝင်ဘောလုံးအသင်းများလေ့ကျင့်ဖို့အတွက် လေ့ကျင့်ရေးကွင်းလည်း အလုံအလောက်ရှိပါတယ်။ သုဝဏ္ဏလေ့ကျင့်ရေးကွင်းနှစ်ကွင်း၊ မြက်ခင်းတုကွင်းနှစ်ကွင်း၊ ကြည့်မြင်တိုင်စလင်းကွင်း၊ စမ်းချောင်းပဒုမ္မာကွင်း၊ တောင်ဥက္ကလာပပဒေသာကွင်းနှင့် တခြားမြို့နယ်တွေမှာလည်း အဆင့်မီဘောလုံးကွင်းတွေရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ လက်ရှိကျင်းပနေတဲ့ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ပြည်သူများစိတ်ဝင်စားမှု အလွန်နည်းပါးတာကို ပွဲကြည့်ပရိတ်သတ်ကို ကြည့်ပြီးတော့သိရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပြိုင်ပွဲကိုတော့ ယခုပြုလုပ်နေတဲ့အတိုင်း နယ်မြို့ကြီးတွေမှာအိမ်ကွင်း၊ အဝေးကွင်းပုံစံ ကျင်းပပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲကိုတော့ ရန်ကုန်မြို့မှာပဲ အမြဲတမ်းကျင်းပလျှင် အသင့်တော်ဆုံးလို့ ထင်မြင်ယူဆမိတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့်ကျွန်တော် မေးမြန်းတဲ့မေးခွန်းကတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲများကို နှစ်စဉ်ရန်ကုန်မြို့မှာ ပြန်လည်ကျင်းပရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၏ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲများကို နှစ်စဉ်ရန်ကုန်မြို့မှာ ကျင်းပရန်ကိစ္စနှင့်ပတ်သက်၍ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကိုပြန်လည်ကျင်းပဖို့ ကျွန်တော်တို့ ကြိုးစားပါမယ်။ ဒီနေရာမှာ တင်ပြချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားတဲ့အချက်များအားလုံး မှန်ပါတယ်။ ကျွန်တော်တို့ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်မှာအသင်းကိုးသင်းနဲ့ BAA Burma Athletic Association ယခုအောင်ဆန်းကွင်းမှာ စတင် ကျင်းပလာပါတယ်။ နောက်ကျွန်တော်တို့ မျိုးဆက်သစ် ၁၃၊ ၁၄၊ ၁၅၊ ၁၇၊ ၁၉ အားလုံးကိုလည်း မြို့ကြီး များမှာ ကျင်းပပြုလုပ်ပါတယ်။ သို့သော်လည်း အခြေအနေအရ ၂၀၁၂ ကနေ ၂၀၁၅ အထိ အကြောင်းအမျိုးမျိုးကြောင့် ဘောလုံးပွဲတွေကိုသိပ်မလုပ်နိုင်ခဲ့ပါဘူး။ အဲဒီတော့ ၂၀၁၆ ခုနှစ်ကျမှ နေပြည်တော်ဝဏ္ဏသိဒ္ဓိမှာ ကျွန်တော်တို့စပြီး လုပ်နိုင်ပါတယ်။ အဲဒီတော့ နေပြည်တော်မှာ ဘာကြောင့်လုပ်ရသလဲဆိုတာကလည်း ၂၀၁၆ ခုနှစ်မှာကျွန်တော်တို့က ၂၀၁၃ မှာ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်လုပ်တဲ့အခါမှာ ကျွန်တော်တို့မှာခေတ်မီအားကစားကွင်းတွေ၊ အားကစားရုံတွေ၊ လေ့ကျင့်ကွင်းတွေ၊ အားကစားသမားများ တည်းခိုမည့်

နေရာတွေ၊ စားသောက်နိုင်တဲ့ နိုင်ငံအဆင့်မီ လေ့ကျင့်ရေးစခန်း (Goal Camp)တွေကို ကျွန်တော်တို့က တည်ဆောက်ထားရှိတဲ့အတွက်အပြင် သယ်ယူ ပို့ဆောင်တဲ့နေရာမှာလည်း ကျွန်တော်တို့ ကားတွေနဲ့အဆင်ပြေတဲ့အတွက် ကျင်းပရခြင်းဖြစ်ပါတယ်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးပွဲများကို ရန်ကုန်မြို့မှာ ကျင်းပဖို့ဆိုရင် ကျွန်တော်တို့အနေနဲ့ (၁)အချက်က ရန်ကုန်မြို့တွင် တိုင်းဒေသကြီး/ပြည်နယ်ဘောလုံးများ ကျင်းပနိုင်မည့် လိုအပ်တဲ့အားကစားသမားများ တည်းခိုမည့်နေရာတွေ ကျွန်တော်တို့ လုပ်ရမယ်။ ဘောလုံးလေ့ကျင့်ရန် လေ့ကျင့်ရေးကွင်းများနှင့် အောင်ဆန်းကွင်း အပါအဝင်ပြိုင်ပွဲများပြင်ပြီး အခြားကွင်းများကို တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းမှာ ကျွန်တော်တို့လုပ်မှာ ဖြစ်ပါတယ်။ လုပ်တဲ့အခါမှာ ပထမဆုံးကျွန်တော်တို့ ဒီကိစ္စနှင့်ပတ်သက်ပြီး အောင်ဆန်းကွင်းကို ပြီးခဲ့တဲ့ သုံးလလောက်၊ လေးလလောက်က နှစ်ခေါက်ရောက်ပါတယ်။ အထဲမှာကြည့်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ သိပ်စိတ်မကောင်းပါဘူး။ အောင်ဆန်းကွင်းကြီးထဲမှာ ဘောလုံးကွင်းနေရာရော၊ ဘေးပတ်လမ်းတွေကလည်း တော်တော်လေး ယိုယွင်းပျက်စီးနေတာတွေ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နဲ့တွေ့ပြီးတော့ ဒါကြီးကိုကျွန်တော်တို့ သူတို့ဆီက နှစ် ၃၀ စာချုပ်နဲ့ ငှားရမ်းထားတာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ပြန်ယူပါမယ်။ ပြန်ယူပြီးတော့ ကျွန်တော်တို့ ယူလို့မရပါဘူး။ ယူတဲ့အခါသူ့ကိုတင်ပြ။ အစိုးရအဖွဲ့ကိုတင်ပြပြီးတော့ တစ်ဆင့်ယူရမယ်။ ယူပြီး ကျွန်တော်တို့ ဒါကိုပြန်လည်ပြင်ဆင်မှာပါ။ ပြင်ဆင်မှသာလျှင် ခုနက စလင်းကွင်းတို့ကို ကွင်းအနေနဲ့ ကစားတဲ့အပြင် အောင်ဆန်းကွင်းကြီးမှာ ကစားလို့ရမှာဖြစ်ပါတယ်။ အဲဒီအတွက်ကို ကျွန်တော့်အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်ငွေလျာထားတောင်းခံမည်ဖြစ်ပြီး ဒီဘတ်ဂျက်ရမယ်ဆိုလို့ ရှိရင်တော့ ၂၀၁၉ ခုနှစ်ကစပြီးတော့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ပေါင်းစပ်ညှိနှိုင်းပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပွဲ၊ အားကစားပွဲများကို ကျွန်တော်တို့ ရန်ကုန်မြို့မှာ ကျင်းပဖို့လုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးအား အထူးကျေးဇူးတင်ပါတယ်။ ရန်ကုန်မြို့မှာကျင်းပမှသာလျင် ပွဲကြည့်ပရိတ်သတ်လည်းများပြီးတော့ ဒီဘောလုံးလောကဟာ တစ်နည်းအားဖြင့် တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် အစားအသောက်စစ်ဆေးခြင်းအတွက် အယူခံဓာတ်ခွဲခန်းသတ်မှတ်ဖွင့်လှစ်ထားခြင်း ရှိ/မရှိနှင့် ပြည်ပမှတင်သွင်းသော ဆေးများအတွက် တင်သွင်းခွင့်ရရန် ကြာမြင့်ချိန် လျှော့နည်းအောင် ဆောင်ရွက်ပေးနိုင်မှု၊ တရားဝင် တင်သွင်းသောဆေးဝါးများ၏ စံချိန်စံညွှန်းနှင့် အာနိသင်လျော့နည်းခြင်းများတွေ့ရှိပါက မည်သို့အရေးယူခြင်း၊ ပြည်ပကုမ္ပဏီများကို တရားစွဲဆိုခြင်းများရှိ/မရှိကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီး

ဌာန(Food and Drug Administration Department)နှင့်ပတ်သက်ပြီး အစားအသောက်နှင့် ဆေးဝါးများအကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစားအစာနှင့် သောက်ရေသန့်တွေကို FDA ကစစ်ဆေးပြီး သတ်မှတ်ထားတဲ့စံချိန်စံညွှန်းနဲ့ကိုက်ညီရင် ထုတ်လုပ်ခွင့် လိုင်စင်ထုတ်ပေးပါတယ်။ FDA ရဲ့စစ်ဆေးမှုအရ ထုတ်ပေးတာဖြစ်ပါတယ်။ ဒါပေမဲ့ ထုတ်လုပ်တဲ့သူ တွေ နစ်နာမှုမရှိအောင် မကျေနပ်ရင်အယူခံလို့ရအောင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသား အစားအသောက်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဍ)မှာ အယူခံဓာတ်ခွဲခန်းဆိုပြီးဖော်ပြထားပါတယ်။ အယူခံ ဓာတ်ခွဲခန်းဆိုသည်မှာ မူလဓာတ်ခွဲခန်းမှ အစားအသောက်နမူနာများကို ဓာတ်ခွဲစစ်ဆေးမှုနှင့်စပ်လျဉ်း ၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာသည့်အခါ၌လည်းကောင်း၊ ကျေနပ်မှုမရှိသဖြင့် အယူခံဝင် သည့်အခါ၌လည်းကောင်း၊ ယင်းအစားအသောက်နမူနာများကို ထပ်မံစစ်ဆေး၍ အပြီးသတ်အဆုံး အဖြတ်ပြုနိုင်ရန် အာဏာပိုင်အဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကိုဆိုသည်လို့ ဖော်ပြထားပါတယ်။ အခန်း(၄) ပုဒ်မ ၆ အာဏာပိုင်အဖွဲ့ရဲ့လုပ်ငန်းတာဝန် တွေမှာလည်း ပုဒ်မခွဲ(ဇ)မှာ မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများ သတ်မှတ်ခြင်းလို့ ပါရှိပါတယ်။ အခန်း(၇)အယူခံခြင်း ပုဒ်မ ၁၆ မှာ ချမှတ်တဲ့ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌထံ အယူခံနိုင်သည်။ ပုဒ်မ ၁၇ မှာ သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်လို့ ဖော်ပြထားပါတယ်။ ဒီနေရာ မှာ စစ်တာကို သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဝန်ကြီးဆီမှာအယူခံတာထက် ကြားအဖွဲ့အစည်း (Third Party) ဖြစ်ရင်တော့ ပိုကောင်းမယ်ထင်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပိုးမွှားတွေဆိုတာ လေထဲမှာ ပျံ့နှံ့နေပါတယ်။ ရောဂါပြင်းပြင်းထန်ထန်ဖြစ်တာရော၊ ရောဂါသိပ်မပြင်းထန်တာရော၊ ရောဂါလုံးဝမဖြစ်စေတဲ့ပိုးတွေရောရှိပါတယ်။ လူတွေရဲ့ခံနိုင်ရည်အားတွေကြောင့်သာ ဒုက္ခမပေးတာ ပါ။ ဥပမာ-ကျွန်တော်တို့ အစားအသောက်တွေမှာလည်း ရှိပါတယ်။ သောက်ရေသန့်မှာဆိုရင် အလုံ ပိတ်အခန်းထဲ၊ အဲယားကွန်းအခန်းထဲမှာ ရေကိုလည်း Osmosis တို့၊UV ဆိုတဲ့ Ultraviolet တို့၊ Ozone တို့ စသည်ဖြင့် အထပ်ထပ်ပိုးသတ်ပြီးတော့မှ Auto Filling ခေါ်တဲ့ အလိုအလျောက်ဖြည့်တဲ့ စက်နဲ့ထွက်တဲ့ရေသန့်ဟာ ပိုးပါဖို့အခွင့်အလမ်း အင်မတန်နည်းပါတယ်။ ဒါပေမဲ့လည်း စစ်ဆေးတဲ့ အခါကျမှ စစ်ဆေးသူရဲ့အမှတ်မထင်ကိုင်တွယ်ပြုမူမှုတွေကြောင့်လည်း ပိုးပေါက်နိုင်ပါသေးတယ်။ တစ်ခါသုံး 1 Litre တို့ 0.5 Litre တို့နဲ့ ကျွန်တော်တို့ အမြဲတမ်းပြန်ပြန်သုံးတဲ့ 20 Litre ဗူးတွေနဲ့ ပိုးပါဝင် မှုတွေလည်း ကွာခြားနိုင်ပါတယ်။ ဒါကြောင့် မူလဓာတ်ခွဲခန်းတစ်နေရာထဲမှာ စစ်ဆေးမှုကို မကျေနပ် ရင် အယူခံဓာတ်ခွဲခန်းမှာ စစ်ဆေးအယူခံနိုင်အောင် အစားအသောက်ထုတ်လုပ်သူများကိုပါ သိရှိနိုင် အောင်အတွက် အယူခံဓာတ်ခွဲခန်းဖွင့်လှစ်ဆောင်ရွက်နေခြင်းရှိ/မရှိကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဆေးဝါးနှင့်ပတ်သက်လို့ အနောက်တိုင်းဆေးဝါးတွေကို MPF ကလွဲပြီးတော့ ကျန်တာတွေကို ပြည်ပမှ တင်သွင်းကြရပါတယ်။ ဆေးဝါးတင်သွင်းခွင့်လိုင်စင်ရဖို့ဆိုတာ အချိန်အတော်အကြာကြီး စောင့်ရပါ တယ်။ ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်အောင် အဆင့်ဆင့်စစ်ဆေးခြင်း၊ ဓာတ်ခွဲခန်းနှင့် ဆေးရုံဆေးခန်း တွေမှာ ပေးပို့စစ်ဆေးခြင်းတွေနဲ့ ရလဒ်ရယူဆောင်ရွက်ခြင်းတွေကြောင့် ပိုမိုစိတ်ချစွာ သုံးစွဲရပါတယ်။ ဒါပေမဲ့လည်း အထူးဆေးဝါးတွေဖြစ်တဲ့ နှလုံးတို့၊ ဦးနှောက်တို့ စတဲ့မရှိမဖြစ်လိုအပ်တဲ့ ဆေးတွေဟာ တင်သွင်းခွင့်လျှောက်ထားရတာအကြာကြီးဖြစ်နေတဲ့အတွက် အချိန်ကြာလွန်းတဲ့အခါ ဈေးကွက်မှာ

ဆေးဝါးပျက်လပ်မှုတွေ ကြုံတွေ့ရပါတယ်။ ဆေးပျက်ခံလို့မရတဲ့လူနာတွေမှာ ဈေးကြီး ပေးတာတောင် မရလို့ အသက်အန္တရာယ်နဲ့ကြုံတွေ့နိုင်ပါတယ်။ တင်သွင်းသူတွေဘက်ကလည်း အချိန် ကြာလွန်းတဲ့အတွက် ဈေးနှုန်းအနေအထား ကွာခြားမှုတွေကြုံရပါတယ်။ ဒါကြောင့် စိတ်ချရတဲ့ နိုင်ငံတွေက တင်သွင်းတဲ့ဆေးဝါးတွေကို သူတို့နိုင်ငံ FDA ရဲ့ထောက်ခံချက် အတည်ပြုခွင့်ပြုပေးရင် စောင့်ဆိုင်းရတဲ့အချိန်တိုသွားနိုင်ပါတယ်။ အဆိုပါတင်သွင်းတဲ့ဆေးဝါးတွေမှာလည်း သက်ဆိုင်ရာ စံချိန်စံညွှန်းပါဝင်မှုတွေ ပါရှိနေတဲ့အတွက် ဒါမျိုးတွေကို ဒီမှာပြန်စစ်တဲ့အခါမှာ အဲဒီလိုလွဲမှားနေမှုတွေ ကြုံရဖူးပါလား။ ကြုံရရင်လည်း ဘယ်နိုင်ငံတွေကဆေးဝါးတွေဖြစ်ပြီးတော့ အဲဒီကြုံရတဲ့ကုမ္ပဏီတွေကိုရော တရားစွဲဆိုမှုတွေ ရှိပါသလားဆိုတာ သိချင်ပါတယ်။ အဲဒါကြောင့်မို့လို့ ပြည်သူတွေရော၊ ဆေးဝါးတင်သွင်းသူတွေ၊ အစားအစာထုတ်လုပ်သူတွေ အားလုံးရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးရဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းက အရေးလည်းကြီးတဲ့အတွက် ကျွန်တော့်အနေနဲ့ သေသေချာချာ ပီပီပြင်ပြင်ဖြေကြားမှာ ဖြစ်ပါတယ်။ ၁၀ မိနစ်ထက်အနည်းငယ်ကျော်ရင်လည်း ကျော်နိုင်ပါတယ်ခင်ဗျား။ ခွင့်ပြုပေးပါရန်။ အဲဒီတော့ မြန်မာနိုင်ငံမှာ အစားအသောက်ဥပဒေကို ၁၉၉၇ ခုနှစ်၊ မတ်လ ၃ ရက်မှာ ဥပဒေအမှတ်(၅/၉၇)နဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ပြဋ္ဌာန်းခဲ့ပါတယ်။ နောက် ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ တစ်ဖန်အမျိုးသားအစားအသောက်ဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၄)နဲ့ ပြင်ဆင်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ ကျွန်တော်တို့က နည်းဥပဒေကိုမထုတ်ပါဘူး။ သို့သော်လည်း အမိန့်ကြော်ငြာစာနဲ့ထုတ်ပါတယ်။ အမိန့်ကြော်ငြာစာနဲ့ဘာကိုထုတ်လဲဆိုတော့ ဥပမာအားဖြင့် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၁၄)ဖြင့် နို့စို့ကလေးနှင့် ကလေးငယ်များအတွက် ဖော်စပ်ထုတ်လုပ်ထားသောအစားအသောက်များ ဈေးကွက်တင်သွင်းခြင်းဆိုင်ရာအမိန့်ကို ကျွန်တော်တို့ ထုတ်ပြန်ခဲ့ပါတယ်။ အခုလက်ရှိပြဋ္ဌာန်းထားသော အမျိုးသားအစားအသောက်ဥပဒေ ၁၉၉၇ ရေးဆွဲပြဋ္ဌာန်းစဉ်က နိုင်ငံတော်၏ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ရဲ့ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ပုံနဲ့ ယခုမျက်မှောက်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၏ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ပုံတို့သည် များစွာခြားနားသွားပြီဖြစ်ပါတယ်။ ယခု လက်ရှိအမျိုးသားဥပဒေကိုကိုင်တွယ်ကျင့်သုံးဆောင်ရွက်ရာတွင် အံဝင်ခွင်ကျမရှိခြင်း၊ ထို့အပြင် ထိုဥပဒေသည် နိုင်ငံတကာစံနှုန်းများ၊ အစားအသောက်ဥပဒေပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီမှုနည်းပါးခြင်း၊ ဒီအချက်ကိုကျွန်တော်တို့အစိုးရလက်ထက်မှာ တွေ့ရှိပါတယ်။ ယခုအခါ မြန်မာနိုင်ငံရဲ့လူမှုစီးပွားရေးအခြေအနေများကလည်း ဖွံ့ဖြိုးလာတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့လည်း ပိုမိုဝင်ဆံ့လာတယ်။ ကုန်ထုတ်လုပ်မှုကလည်း တိုးတက်လာတဲ့အပြင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ ဓာတ်ခွဲပိုင်း ဆိုင်ရာအပိုင်းမှ စနစ်များလည်း လွန်စွာဖွံ့ဖြိုးတိုးတက်လာပါတယ်။ အစားအသောက်ပိုင်းဆိုင်ရာ ထုတ်လုပ်မှုနဲ့ နှီးနွယ်တဲ့အခြေအနေအရပ်ရပ်ကလည်း လုံးဝပြောင်းလဲလာပါတယ်။ ပြည်သူ့ကျန်းမာရေးရဲ့နိယာမဖြစ်တဲ့ Public Health

Basic Principle နဲ့စဉ်းစားတဲ့အခါမှာ အခြေအနေအရပ်ရပ်သည် လုံးဝပြောင်းလဲသွားပြီဖြစ်ပါတယ်။ Changing Epidemiology Situation လို့ ကျွန်တော်တို့ခေါ်ပါတယ်။ အဲဒီတော့ ဒီဥပဒေသည် လုံးဝမကိုက်ညီတော့ဘူး။ မကိုက်ညီတဲ့အတွက် ဒီဥပဒေကို ပြန်ပြီးတော့ ကျွန်တော်တို့က ရေးဆွဲလည်း ပြီးပါပြီ။ ရှေ့နေချုပ်ရုံးကို ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့က တင်ပြထားပြီး ဖြစ်ပါတယ်။ ပြန်လည်ကျလာမယ်ဆိုရင် ကျွန်တော်တို့ ဒါကိုလွှတ်တော်သို့ တင်ပြီးအတည်ပြုမှာပါ။ တစ်ကြိမ်ထဲမှာလည်း ကျွန်တော်တို့က ဘာလုပ်နေမှာလဲဆိုတော့ နည်းဥပဒေများကို တစ်ပြိုင်တည်း ဆွဲနေပါတယ်။ ဆိုလိုတာက မကြာခင်အတွင်းမှာတော့ အစားအသောက်နှင့်ပတ်သက်တဲ့ဥပဒေကြီးက အသစ်ပြန်လည်ဖြစ်မှုဖြစ်မှာ။ အဟောင်းနဲ့ ကျွန်တော် တို့လုပ်လို့မရပါဘူး။ အခြေအနေ၊ အချိန်အခါက လုံးဝပြောင်းလဲတဲ့အတွက် ပြောင်းလဲ တဲ့အခြေအနေ၊ အချိန်အခါပေါ်မူတည်ပြီး ကျွန်တော်တို့ ပြောင်းဖို့အတွက်က ပြန်ဆွဲနေပါပြီ။ မကြာခင်မှာ ပီပြင်စွာ ဖြစ်လာမှာဖြစ်ပါတယ်။ ဒီမေးခွန်းက ပထမအချက် ဖြစ်ပါတယ်။

ဒုတိယက အစားအသောက် အယူခံဓာတ်ခွဲခန်းသတ်မှတ်ခြင်းရှိ/မရှိနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ (၁)အချက်က အယူခံမယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှာ ဓာတ်ခွဲခန်း တွေအများကြီးရှိဖို့လိုပါတယ်။ ကျွန်တော်တို့လည်း ရှိပါတယ်။ မြန်မာနိုင်ငံတွင် အစားအသောက်၊ ဆေးဝါးပစ္စည်းနှင့် အလှကုန်ပစ္စည်းကို စစ်ဖို့ဓာတ်ခွဲခန်း ၁၈ ခုရှိပါတယ်။ ဒီ ၁၈ ခုမှာ Laboratory Network ကို ဖွဲ့ထားပါတယ်။ ဒီကွန်ရက်ဖွဲ့ထားတာ တစ်နှစ်ရှိပါပြီ။ ဥပမာအားဖြင့် ကျွန်တော် အမြန်ပြောရမယ်ဆိုလို့ရှိရင် ကျန်းမာရေးဝန်ကြီးဌာနမှာ ကျွန်တော်တို့မှာ အလွန်ကောင်းသော အစား အသောက်နှင့် ဆေးဝါး(FDA)ပေါ့လေ။ ဓာတ်ခွဲခန်း နေပြည်တော်မှာ တစ်ခုရှိပါတယ်။ ရန်ကုန်မှာ တစ်ခုရှိပါတယ်။ မန္တလေးမှာရှိပါတယ်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနမှာ အမျိုးသားဓာတ်ခွဲခန်း National Analytical Laboratory ရှိပါတယ်။ ကျွန်တော်တို့မှာ National Health Laboratory အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းလည်း ရှိပါတယ်။ ထို့အပြင် Occupation and Environmental Health Division လုပ်ငန်းခွင်ကျန်းမာရေးဓာတ်ခွဲခန်းလည်း ရှိပါတယ်။ နောက်တစ်ချက်က ကျွန်တော် တို့ ပညာရေးဝန်ကြီးဌာနမှာ Universal Science Research Centre မှာ တက္ကသိုလ်သုတေသန ဓာတ်ခွဲခန်းရှိပါတယ်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနမှာ National Standard and Quality Department အမျိုးသားစံချိန်စံညွှန်းနှင့် အရေအသွေးဓာတ်ခွဲခန်းရှိပါတယ်။ နောက်တစ်ခါ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာလည်း Analytical Laboratory Section Fishery၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာလည်း ရှိပါတယ်။ Commodity Testing and Quality Management Centre ကုန်ပစ္စည်းအရည်အသွေးကွပ်ကဲရေးဓာတ်ခွဲခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စိုက်ပျိုးရေးတက္ကသိုလ် Agriculture University မှာ ဓာတ်ခွဲခန်းရှိပါတယ်။ ထို့အပြင် အပင်နှင့် မိုးမွှားကာကွယ်ရေးဓာတ်ခွဲခန်းရှိပါတယ်။ အများကြီးပါပဲ။ ကျွန်တော်မဖတ်ဘူး။ ၁၈ ခုရှိပါတယ်။ ဆိုလိုတာက ဓာတ်ခွဲခန်း တစ်ခုနှင့်တစ်ခုက တချို့ဓာတ်ခွဲခန်း တွေ ဒီကိစ္စမှာပိုကောင်းတယ်။ အဲဒါတွေရှိတဲ့အတွက် ၁၈ ခုနဲ့လည်း အကုန်လုံးဆိုင်ပါတယ်။ အယူခံ ဝင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လုပ်လို့ရပါတယ်။ ဘယ်ဓာတ်ခွဲခန်းမှာလုပ်တယ်ဆိုတာ ကျွန်တော်တို့ ကော်မတီ ရှိပါတယ်။ ဒီကော်မတီက သတ်မှတ်လို့ရှိရင် အဲဒီဓာတ်ခွဲခန်းမှာ ပြန်ပြီးအယူခံလုပ်လို့ ရပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ချက်ပြောလိုတာကတော့ ကျွန်တော်တို့ရဲ့ ဓာတ်ခွဲခန်းက တော်တော်လေးအဆင့်မြင့်ပါတယ်။ ဘယ်လောက်ထိအဆင့်မြင့်လဲဆိုလို့ရှိရင် အမေရိကန်နိုင်ငံ အခြေစိုက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ISO, IEC accreditation ကို အမေရိကန်အခြေစိုက် American National Standards Institute(ANSI) ရှိ American National accreditation Board ကရရှိထားပြီးဖြစ်ပါတယ်။ တော်ရုံတန်ရုံမရပါဘူး။ ကမ္ဘာ့အဆင့်အတန်းမီ ဓာတ်ခွဲခန်း

ဖြစ်ပါတယ်။ ဒီလိုအဆင့်အတန်းကို ရဖို့အတွက်ကို သူတို့ သုံးနှစ်တာကာလက လာပြီးတော့ စစ်ဆေးပါတယ်။ ပြင်ခိုင်းတယ်။ နောက်ဆုံး ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ ရပါတယ်။ နိုင်ငံအတွက် အလွန်ဂုဏ်ရှိတဲ့ဓာတ်ခွဲခန်းကြီးဖြစ်ပါတယ်။ ဆိုလိုတာက ဒါဟာ ကျွန်တော်တို့က National Reference Laboratory လို့ ခေါ်ပါတယ်။ ဘယ်မှာဖြစ်ဖြစ် ဒါစစ်ရင် ဒါအမှန်ဆုံးပဲဖြစ်ပါတယ်။ ဒီဓာတ်ခွဲခန်းအားလုံးထဲမှာ ကျွန်တော်တို့ နေပြည်တော်မှာပြောတဲ့ ဓာတ်ခွဲခန်းသုံးခုကတော့ အရမ်းကောင်းပါတယ်။ ဒီ National ဓာတ်ခွဲခန်းမှာလည်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ ဒီနေရာမှာ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးကို တင်ပြချင်တာကတော့ ဒီအစားအသောက်မှာလုပ်တယ်ဆိုတာမှာ အပေါ်ယံအားဖြင့် အစားအသောက်အတွက်ဖြစ်သော်လည်း ကျွန်တော်တို့မှာ အစားအသောက် အာဏုဇီဝကိုလည်း လုပ်ထားပါတယ်။ အစားအသောက် ဓာတု ဓာတ်ခွဲစစ်ရပါတယ်။ ဆေးဝါးအာဏုဇီဝ(Food Chemistry)၊ ဆေးဝါးဓာတုဓာတ်ခွဲ(Drug Micro Biology)၊ ဆေးပစ္စည်းနှင့် အလှကုန်(Cosmetic and Medical Devices)၊ ဇီဝစံဓာတ်ခွဲခန်း(Bio Standard) အကုန်လုံးရှိပါတယ်။ ဒါတွေအကုန်လုပ်ပါတယ်။ ဆေးတစ်ခုကိုလုပ်မယ် ဆိုရင် ဒီဓာတ်ခွဲခန်းတစ်ခုမှမရရင် နှစ်ခုပေါင်းပြီး ကျွန်တော်တို့ လုပ်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ တစ်ခုထဲကနေ လုပ်လို့ရပါတယ်ခင်ဗျား။

နောက်တစ်ခါ လက်ရှိအမျိုးသားအစားအသောက်ဥပဒေအရ မူလဓာတ်ခွဲခန်းမှ အစားအသောက်နမူနာများကို ဓာတ်ခွဲစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ပြဿနာတစ်စုံတစ်ရာပေါ်ခဲ့သည် ဖြစ်စေ၊ ကျေနပ်မှုမရှိသည့်အယူခံဖြစ်စေ အစားအသောက်နမူနာများကို ထပ်မံစစ်ဆေးပြီး အပြီးသတ်အဆုံးအဖြတ်ပေးနိုင်ဖို့အတွက် ကျွန်တော်တို့က ဘာရှိပါလဲဆိုရင် မြန်မာနိုင်ငံအစားအသောက်ဆေးဝါးအာဏာပိုင်အဖွဲ့ဆိုတာရှိပါတယ်။ အဲဒီအဖွဲ့ကနေပြီးတော့ အမိန့်ကြော်ငြာစာထုတ်ကာ အယူခံဓာတ်ခွဲခန်းတစ်ခုကို သတ်မှတ်ပြီးတော့ ပြန်လည်စစ်လို့ရပါတယ်။ ဒီ ၁၈ ခုထဲက ကြိုက်တဲ့ တစ်ခုကို ပြန်ပြီးလုပ်လို့ရပါတယ်။ နောက်တစ်ချက်က ကျွန်တော့်အနေနဲ့ကတော့ ဒီဓာတ်ခွဲခန်း Accreditation ကို ကျွန်တော့်အနေနဲ့ ထပ်ပြီးလာစစ်ပါတယ်။ တမင် ကျွန်တော်တင်ပြတာက ကျွန်တော်တို့ဓာတ်ခွဲခန်းကြီးကို မကြာသေးပါဘူး။ ကျွန်တော်တို့ ဒီရက်ပိုင်းပဲ အောက်တိုဘာ ၁၃ ရက်မှာ ထပ်ပြီးတော့ လာစစ်တယ်။ လာစစ်တဲ့လူသည်လည်း အမေရိကန်နိုင်ငံကလာပြီးတော့ ကမ္ဘာမှာရှိတဲ့ ဓာတ်ခွဲခန်းပေါင်း ၃၀၀ ကို စစ်တဲ့လူကလာစစ်တယ်။ သူ့ကျေနပ်ချက်ကို မကြာခင်က ကျွန်တော်တို့ ထောက်ခံချက်ရသွားတယ်။ ဆိုလိုတာက ကျွန်တော်တို့မှာရှိတဲ့ Reference Laboratory သို့မဟုတ် ကျွန်တော်တို့က စစ်လိုက်လို့ မကောင်းဘူးဆိုလို့ရှိရင် တော်တော်ကို မှန်ပါတယ်။ ၉၉ ရာခိုင်နှုန်းလောက်ထိ မှန်တဲ့အခြေအနေရှိပါတယ်။ ကျွန်တော်က မေးခွန်း နံပါတ်ဖြစ်တဲ့ အယူခံဓာတ်ခွဲခန်းကိစ္စနဲ့ ဖြေကြားခြင်းဖြစ်ပါတယ်။

တတိယအပိုင်းဖြစ်တဲ့ ပြည်ပမှ တင်သွင်းလာသောဆေးဝါးများ အချိန်ကြာမြင့်ချိန်လျှော့နည်းအောင် ဆောင်ရွက်ပေးခြင်းရှိ/မရှိဆိုတဲ့ကိစ္စနှင့်စပ်လျဉ်းပြီး ပတ်သက်ပြီးဖြေကြားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုပဲရှိပါတယ်။ ကျွန်တော်ပြန်ကြည့်လိုက်တဲ့အခါမှာ အားလုံးဟာ ကြာမြင့်ခြင်းမရှိပါဘူး။ ဒီနေရာမှာ နှစ်ခုရှိပါတယ်။ အချိန်ကို စောစောလုပ်ပေးမလား။ အရည်အသွေးပြည့်မီတဲ့ဆေးသို့မဟုတ် အစားအသောက်ကိုယူမလားဆိုတာ ရှိပါတယ်။ မြန်မြန်လုပ်လို့ရပါတယ်။ မြန်မြန်လုပ်လို့ ရှိရင် ကျွန်တော်တို့က Quality မမီတဲ့၊ အရည်အသွေးမပြည့်တဲ့အစားအသောက်ကို အတည်ပြုခြင်းမျိုး ဖြစ်သွားမယ်။ အရည်အသွေးမပြည့်မီတဲ့ဆေးဝါးကို အတည်ပြုခြင်းဖြစ်မယ်။ ဒီမှာလုပ်တဲ့အခါမှာလည်း ကျွန်တော်တို့က အတိအကျလုပ်ပါတယ်။ အရမ်းမလုပ်ပါဘူး။ ကျွန်တော်တို့မှာ သေသေချာချာ အကုန်လုံးဒီမှာ Guideline On Drug Registration Application ဆိုတာ သေသေချာချာ Website မှာလည်း အကုန်ထုတ်ထားပါတယ်။ အလွန်ကောင်းပါတယ်။ ဒီမှာ ကျွန်တော်တို့က

ပြတ်ပြတ်ပဲ ကျွန်တော်ရေးထားပါတယ်။ Any Application and Incomplete Documentation Will not be Accepted ကျွန်တော်တို့ကြာတယ်ဆိုတာ ကျွန်တော်တို့က ကြာတာမဟုတ်ပါဘူး။ သူတို့က ဆေးဝါးကုမ္ပဏီက တင်ပြတဲ့အခါမှာ သူ့ကို Requirement တွေရှိပါတယ်။ အဲဒါမပြည့်စုံလို့ ကြာသွားတာဖြစ်ပါတယ်။ ဒီဟာကို မပြည့်စုံတာကို ကျွန်တော်တို့က အရမ်းလက်ခံလို့ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ASEAN Standard တွေ အများကြီးရှိပါတယ်။ အဲဒီ အတိုင်း ကျွန်တော်တို့က လုပ်ရပါတယ်။ ဒါကျွန်တော်တို့ Introduction အနေနဲ့ ကျွန်တော်တို့ ပြောတာပါ။ အဲဒီတော့ ဒီမှာကျွန်တော်တင်ပြမယ်ဆိုရင် အမျိုးသားဆေးဝါးဥပဒေအရ ဆေးဝါးများတင်သွင်း ရာတွင် ပြည်ပမှ တင်သွင်းလာသော ဆေးဝါးများအတွက် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားရှိသော ဆေးဝါးတွေကိုပဲ တင်သွင်းခွင့်ရှိတယ်။ မှတ်ပုံတင်စစ်ရာမှာလည်း အာဆီယံနိုင်ငံနှင့်တစ်ပြေးညီ ဖြစ်အောင်ဆိုပြီး Quality, Safety, Efficacy ကိုလုပ်ရမှာဖြစ်ပါတယ်။ ဥပမာ(၁) တင်ပြသော အထောက်အထားများ စုံလား/မစုံလား။ အရည်အသွေးပြည့်လား/မပြည့်လား စစ်ရပါတယ်။ (၂) တင်သွင်းတဲ့ဆေးဝါးများကို သေသေချာချာခေတ်ခွဲစစ်ပါတယ်။ (၃) မြန်မာနိုင်ငံအတွက် ဆေးဝါး အသစ်ဖြစ်လို့ရှိရင်တော့ ကျွန်တော်တို့က ဆေးဝါးအကြံပေးကော်မတီ ဆိုတာရှိပါတယ်။ ဒီလိုတင်ပြပြီး တော့ သဘောထားမှတ်ချက်ယူပြီးမှ ဒီဆေးအသစ်ကို တင်သွင်းခွင့်ရှိမှာလား/မရှိ မှာလား။ ဒီလိုလုပ်ရ ပါတယ်။ အားလုံးဒီအထောက်အထားပြည့်စုံပြီဆိုလို့ရှိရင်တော့ မှတ်ပုံတင်အသစ် လျှောက်ထားဖို့ အတွက်ကို ကိုးလကြာပါတယ်။ သက်တမ်းတိုးဖို့အတွက်ကို သုံးလကြာပါတယ်။ အခုက လွှတ်တော် ကိုယ်စားလှယ်ကြီးမေးတဲ့ ကြာတယ်ဆိုတာကတော့ ကုမ္ပဏီများမှ တင်သွင်းတဲ့စာရွက်စာတမ်းတွေက မပြည့်စုံလို့သာ ကြာခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်က အကယ်၍ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့ အတိုင်း နိုင်ငံရဲ့ကျန်းမာရေးကိစ္စများတွင် အထူးလိုအပ်သောဆေးဝါးများ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံက ထုတ်တဲ့ဆေးဝါးတွေ၊ နာမည်ကြီးကုမ္ပဏီကထုတ်တဲ့ဆေးဝါးတွေ၊ ကျွန်တော်တို့မှာ Accretive Review,Fast Tract Review အမြန်လုပ်တာ ရှိပါတယ်။ အမြန်ဆုံးလုပ်ပြီးတော့ ချက်ချင်းလုပ်ပေး ပါတယ်။ ဒီကိစ္စမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းဖြစ်ပါတယ်။ နောက်တစ်ချက်က တင်သွင်းခွင့် ရရှိရန်ကျန်နေခြင်းမှာ ကျွန်တော်တို့က Drug Importation Approval Certificate ဆိုတာကို ပေးရပါတယ်။ ကုမ္ပဏီက။ ပေးတဲ့အခါမှာ Original ကုမ္ပဏီက နိုင်ငံခြားမှာရှိသော်လည်း တင်သွင်းတဲ့ကုမ္ပဏီကို သူကမှတ်ပုံတင်ရပါတယ်။ တစ်ခါတစ်လေကျရင် တင်သွင်းတဲ့ကုမ္ပဏီက သူ့ရဲ့ပါမစ်ကို နောက်ကုမ္ပဏီတစ်ခုကို ရောင်းလိုက်တယ်။ ရောင်းတဲ့အခါမှာ နောက်ကုမ္ပဏီက လက်ခံလို့မရပါဘူး။ အဲဒါဆိုရင် ကျွန်တော်တို့က Orginal ကုမ္ပဏီနိုင်ငံကို ပြန်ဆက်သွယ်ရပါတယ်။ ခင်ဗျားတို့ ဒုတိယတင်သွင်းခွင့်ရတဲ့ဟာကို လက်ခံလား/မလက်ခံလား။ ဘာကြောင့် ဒါကိုမေးရသလဲ ဆိုရင် ကုမ္ပဏီကတင်သွင်းပြီးလို့ရှိရင် ဆေးကိုသူတို့ ထားချင်သလိုထားတယ်။ ဒါအမှန်တရားပဲ။ အပူချိန်မကိုက်ဘူးဆိုလို့ရှိရင် ဆေးတွေပျက်စီးမယ်။ ဒါကို ကျွန်တော်တို့က သွားစစ်တယ်။ စစ်ပြီးမှ အကုန်လုံး အိုကေပေါ့လေ။ ကောင်းသွားပြီဆိုမှ ကျွန်တော်တို့က ဒါကိုထုတ်ပေးပါတယ်။ အရမ်း မထုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ပြည်သူတစ်ရပ်လုံးကို ဒုက္ခမရောက်စေချင်ဘူး။ အစား အသောက်မှာဖြစ်ဖြစ်၊ ဆေးဝါးမှာဖြစ်ဖြစ်။ အဲဒီတော့ ကျွန်တော်တို့က နည်းနည်းတင်းကျပ်ပါတယ်။ ဒါအမှန်အတိုင်းပြောတာ။ တင်းတင်းကြပ်ကြပ်ကိုင်ပါတယ်။ အရမ်းဖြစ်ကတတ်ဆန်း ထုတ်မပေးပါဘူး။ ဖြစ်လို့ ထုတ်ပေးလို့တစ်ခုခုဖြစ်ရင် ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ထုတ်ပေးရင် ကျွန်တော်တို့ မှာလည်း ASEAN Common Technical Dossier(ACTD)ဆိုတာရှိပါတယ်။ ဒီ Dossier မှာ ပါဝင်တဲ့အချက်တွေ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ အကုန်လုံးကို ပြည့်စုံမှကျွန်တော်တို့ ကြည့်ပါတယ်။ ဒီနေရာမှာ လည်း Website မှာအကုန်လုံးအသေးစိတ်တင်ထားပါတယ်။ အဲဒါတွေအားလုံး။

တတိယအချက် နောက်ဆုံးမေးခွန်းဖြစ်တဲ့ စံမညီမှုများနဲ့ တွေ့ရှိလို့ရှိရင် ကျွန်တော်တို့က ဘယ်လိုလုပ်သလဲဆိုတော့ ဈေးကွက်အတွင်းမှ ရုပ်သိမ်းခြင်း၊ တင်သွင်းခွင့်ကို ကာလသတ်မှတ်ပြီးရုပ်သိမ်းခြင်း မှတ်ပုံတင်သက်တမ်းတိုး ခြင်းများကို ငြင်းပယ်ခြင်းအပြင် ပြည်ပကုမ္ပဏီများကို ကျွန်တော်တို့က အကြောင်းကြားပြီးတော့ တင်သွင်းခွင့် ပိတ်ခြင်းလုပ်ပါတယ်။ ပြည်ပကုမ္ပဏီ Original ဆေးထုတ်တဲ့ကုမ္ပဏီကို သွားပြီးတော့ အရေးယူလို့မရပါဘူး။ ကျွန်တော်တို့ ဘာသွားတွေ့သလဲဆိုတော့ ၂၀၁၆ ခုနှစ်မှာ ဆေးရှစ်မျိုး ကျွန်တော်တို့ ပယ်လိုက်ပါတယ်။ အိန္ဒိယကုမ္ပဏီကလေးမျိုး၊ တရုတ်ကသုံးမျိုး၊ ကိုရီးယားက တစ်မျိုး၊ ပြည်တွင်းမှာ လည်း ကျွန်တော်တို့က ၉၉ မျိုး အရေးယူထားပါတယ်။ စံချိန်မမီတဲ့ဆေးတွေပါ။ ကျွန်တော်တို့သွားတယ်။ သွင်းတုန်းကတော့ အရမ်းကောင်းပါတယ်။ သို့သော်လည်း ဈေးကွက်ထောက်လှမ်းခြင်း လုပ်ပါတယ်။ ဈေးကွက်ထောက်လှမ်းပြီး နမူနာယူပါတယ်။ ယူပြီးတော့ ၉၉ မျိုးဟာ အရည်အသွေးနဲ့မညီတာကို သွားတွေ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်ရှည်တော့မရှည်ပါဘူး။ တင်ပြတာပါ။ ဆေးတစ်မျိုးသည် မီလီဂရမ် အားဖြင့်ပြည့်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ဟာ ဘာအရေးကြီးလဲဆိုလို့ရှိရင် ဒီဆေးသောက်ခြင်းအားဖြင့် သွေးထဲမှာ Minimum inhibitory Concentration ချက်ချင်းရောက်ရပါတယ်။ ငါးနာရီဆို၊ လေးနာရီ။ အဲဒါမရောက်ဘူးခင်ဗျ။ မရောက်ရင် ဒီဆေးသည် မီလီဂရမ် ပြည့်သော်ငြားလည်း အတုလုပ်လို့မရပါဘူး။ ကျွန်တော်ဟာ ဒါတွေကို အဆင့်ဆင့်၊ အဆင့်ဆင့် အကုန်အသေးစိတ်ကျေနပ်မှသာလျှင် ဒီဆေးကို တင်သွင်းခွင့်လိုင်စင် အားလုံးကို ကျွန်တော်ချပေးပါတယ်။ ကျွန်တော်ဆီမှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး သိချင်ရင်တော့ အသေးစိတ်ရှိပါတယ်။ ၉၉ ကုမ္ပဏီအသေးစိတ်အရေးယူထားတာရှိပါတယ်။ စံမညီတဲ့ဆေးဝါးတွေ ၂၀၁၆ မှာ ရှစ်မျိုး ကုမ္ပဏီနာမည်နဲ့ ဆေးအတိအကျအကုန်ရှိပါတယ်။ ဒီမှာတော့ ရှည်မှာစိုးလို့ မပြောတော့ပါဘူး။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ နောက်ဆုံးတင်ပြချင်တာကတော့ ကျွန်တော်တို့သည် ဆေးနဲ့ FDA နဲ့ပတ်သက်ပြီး လုံးဝကိုမလျှော့ပါဘူး။ အရည်အသွေးကို ကျပြီးတော့ မလုပ်ပါဘူး။ ပြည်သူများဒုက္ခရောက်မှာဖြစ်တဲ့ တတ်နိုင်သမျှ ကျွန်တော်တို့ အရည်အသွေးမီတဲ့ဆေးတွေကို လိုင်စင်ထုတ်ပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်လည်း ဒီဟာကို ကြီးကြပ်ပြီးတော့ ဆောင်ရွက်နေသည်ဖြစ်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ဒီနေရာမှာ ကိုယ်စားလှယ်တွေအနေနဲ့ မေးခွန်းမေးတဲ့အခါမှာ မေးခွန်းနှစ်ခုကို ကျွန်တော်အမြဲပြောပါတယ်။ တစ်ခုချင်းစီမေးပါ။ မေးခွန်းနှစ်ခုကို တစ်ခုတည်းပေါင်းပြီးတော့ မေးလိုက်တဲ့အခါကျတော့ ဖြေရတဲ့ဝန်ကြီးဌာနအနေနဲ့လည်း ပြည့်ပြည့်စုံစုံပြန်ဖြေရတော့ ကျွန်တော်တို့က အချိန်ကိုကန့်သတ်ချက်ထက် ပိုပြီးပေးလိုက်ရတာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမမေးခွန်းသည် အစားအသောက်စစ်ဆေးခြင်းအတွက် အယူခံဓာတ်ခွဲခန်းရှိ/မရှိကို မေးတယ်။ နောက်တစ်ခုက ဘာလဲဆိုတော့ တင်သွင်းတဲ့ဆေးဝါးတွေက စံချိန်စံညွှန်း၊ အာနိသင်လျော့နည်းတဲ့ ကိစ္စမေးတာပါ။ အဲဒီတော့ အစားအသောက်ကိုမေးမယ်ဆိုရင်တစ်ပိုင်းမေးလိုက်ပါ။ ဆေးဝါးကိုမေးမယ်ဆိုရင် တစ်ပိုင်းမေးလိုက်ပါ။ အဲဒီလိုတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဘက်ကလည်း မေးခွန်းကို ဘယ်လိုပြောရမလဲ Section တစ်ခုမှာ ငါးခုပဲလက်ခံတယ်ဆိုတဲ့အခါကျတော့ ပြောကြပါစို့။ ဒီဟာကို မေးခွန်းနှစ်ခုဖြစ်မယ့်အစား တစ်ခုတည်းလုပ်လိုက်သလိုဖြစ်တယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ သိထားပေးပါ။ မေးခွန်းဟာ သူနဲ့ဆိုင်တာဆိုင်တာပဲ တိတိကျကျဖြစ်ဖို့ကောင်းပါတယ်။ အဲဒီတော့ မေးခွန်းရဲ့ စည်ကမ်းချက်နဲ့ကန့်သတ်ချက်တွေလည်းပြန်ကြည့်ပြီးတော့ ကြည့်ရှုဖို့လည်း လိုတယ်။ အဲဒါလေးတော့ ဂရုစိုက်ပေးပါ။

**ဖောင်းပြင်မြို့နယ်ရှိ သညစ်ကျန်းမာရေးဌာနခွဲနှင့် မိုင်းချောင်းကျန်းမာရေးဌာနခွဲတို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဌာများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရွာတန်းရှည်၊ စန္ဒား၊ ကိုင်းပြင်၊ ကောက်စား၊ ကွမ်းတော၊ ဇီးကုန်း၊ မန်မော်၊ ပိုးစာကုန်းကျေးရွာများမှ ပေးရန် အသင့်လျော်ဆုံးကျေးရွာများကို စိစစ်၍ တစ်နှစ်လျှင် (၂)ရွာ သို့မဟုတ် (၃)ရွာကို ကျန်းမာရေး ဌာနခွဲများအဖြစ် ယခု ၂၀၁၇-၂၀၁၈ မှစ၍ နှစ်စဉ် Sanction ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောင်းပြင်မြို့နယ် ကျန်းမာရေးဌာနခွဲများအား အဆင့်တိုးမြှင့်ပေးခြင်း၊ ဌာနခွဲ အသစ်များ ခွဲဝေချထားပေးခြင်းများနှင့်စပ်လျဉ်းပြီးမှ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖောင်းပြင်မြို့နယ်ဟာ ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စုပေါင်း ၄၀၊ ကျေးရွာ ပေါင်း ၁၇၈ ရွာရှိပြီး ဧရိယာအားဖြင့် စတုရန်းမိုင် ၁၆၀၀ ကျော်ကျယ်ဝန်းပါတယ်။ ပထဝီအနေအထား အမျိုးမျိုး၊ မြေမျက်နှာသွင်ပြင်အမျိုးမျိုးရှိတဲ့မြို့နယ်ဖြစ်တဲ့အတွက် ရာသီအလိုက်လမ်းပန်းဆက်သွယ် မှုအခက်အခဲလည်း ရှိပါတယ်။ ကျေးရွာအုပ်စုပေါင်း ၄၀၊ ကျေးရွာပေါင်း ၁၇၈ ရွာမှာ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနေလေးခုနဲ့ ကျန်းမာရေးဌာနခွဲ ၁၉ ခု ရှိပါတယ်။ ကျေးလက် ကျန်းမာရေးဌာနခွဲများမှ သားဖွားဆရာမများဟာ အလွန်အခြေခံကျတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနိုင်ပါတယ်။ သို့သော်လည်း လက်ရှိကျန်းမာရေးဌာနခွဲ ၁၉ ခုဟာ ပထဝီအနေအထားအရ လွှမ်းခြုံ နိုင်မှုမရှိသေးတဲ့အတွက် ဆရာမတစ်ဦးတာဝန်ယူရတဲ့နယ်မြေဟာ ကျယ်ဝန်းနေပါတယ်။ ဆိုလိုတာက တော့ ဆရာမတစ်ဦးကို ကျေးရွာအုပ်စုနှစ်ခုလောက် တာဝန်ယူနေရတဲ့အနေအထားမှာ ရှိပါတယ်။ ထိုနည်းတူ ကျေးလက်ကျန်းမာရေးဌာနများရဲ့ ကျန်းမာရေးဌာနပိုင်နယ်များဟာလည်း အလွန် ကျယ်ဝန်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဒါက တော့ ဖောင်းပြင်မြို့နယ်ရဲ့အခြေပြမြေပုံဖြစ်ပါတယ်။ ဒါကတော့ ဖောင်းပြင်မြို့နယ်ရဲ့ကျန်းမာရေးဌာန အခြေပြမြေပုံဖြစ်ပါတယ်။ ဒါကတော့ မြို့နယ်ရဲ့အခြေပြမြေပုံနှင့် ကျန်းမာရေးဌာနအခြေပြမြေပုံကို ယှဉ်တွဲဖော်ပြထားတာ ဖြစ်ပါတယ်။ ကျန်းမာရေးဌာနအခြေပြမြေပုံမှာ ပါရှိတဲ့ အရောင်ငါးမျိုးနှင့် ခွဲခြားထားတာဟာ ကျန်းမာရေးဌာနတစ်ခုက တာဝန်ယူရတဲ့ ကျန်းမာရေးဌာနပိုင်နယ်မြေများ ဖြစ်ကြ ပါတယ်။ ပျမ်းမျှအားဖြင့် ကျန်းမာရေးဌာနတစ်ခုကို စတုရန်းမိုင် ၃၂၀ တာဝန်ယူရတဲ့အနေအထားမှာ ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲများကို တိုးချဲ့ဖွင့်လှစ်သင့်ကြောင်းတင်ပြလိုတဲ့ အခြား အကြောင်းရင်းတစ်ခုကတော့ ကျေးလက်နေပြည်သူများဟာ ဆင်းရဲနွမ်းပါးခြင်း၊ အသက်ငယ်ငယ်နဲ့ အိမ်ထောင်ပြုကြခြင်း၊ ပညာရည်မမြင့်မားခြင်း၊ ကျန်းမာရေးအသိပညာအားနည်းခြင်း၊ ဒေသအလိုက် ရှိနေကြသေးတဲ့ အယူအစွဲကြီးမားခြင်းတို့ဟာ မိခင်နှင့်ကလေးအတွက် အန္တရာယ်ကို

လက်ယက်ခေါ်ယူနေသလို ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတာကတော့ ကျေးလက်ကျန်းမာရေးဌာနများအဖြစ် အဆင့်တိုးမြှင့်လျှောက်ထားကြတဲ့ သည့စ်ကျန်းမာရေးဌာနခွဲနှင့် မိုင်းချောင်းကျန်းမာရေးဌာနခွဲတို့အား ကျန်းမာရေးဌာနများအဖြစ် တိုးမြှင့်ပေးရန်နှင့် ကျေးရွာများမှ ကျေးလက်ကျန်းမာရေးဌာနခွဲ ရရှိရန်လျှောက်ထားကြတဲ့ ရွာတန်းရှည်ကျေးရွာ၊ စန္ဒားကျေးရွာ၊ ကိုင်းပြင်ကျေးရွာ၊ ကောက်စားကျေးရွာ၊ ကွမ်းတောကျေးရွာ၊ ဇီးကုန်းကျေးရွာ၊ မန်မော်ကျေးရွာနှင့် ပိုးစာကုန်းကျေးရွာများအား ကျေးလက်ကျန်းမာရေးဌာနခွဲများအဖြစ် တစ်နှစ်လျှင် နှစ်ရွာ သို့မဟုတ် သုံးရွာကို ၂၀၁၇-၂၀၁၈ ခုနှစ်မှစပြီးမှ Sanction ချသွားပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ မေးခွန်းဖြစ်တဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲနှစ်ခုကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် လည်းကောင်း၊ ကျေးရွာရှစ်ရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောင်ရွက်ပေးဖို့ကိစ္စကို ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ Sanction ပေး၊ မပေးကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျေးလက်ကျန်းမာရေးဌာနများကို ပေးမယ်ဆိုရင် ကျွန်တော်တို့မှာ Criteria ရှိပါတယ်ခင်ဗျား။ ငါးခု ရှိပါတယ်။ အဲဒီ ငါးခုနဲ့ ကျွန်တော် ဒီနေရာကို ကြည့်ပါတယ်။ သည့စ်ကို ကျွန်တော် အရင်ကြည့်တဲ့ အခါမှာ သည့စ်က ဖွင့်လှစ်မည့်ကျေးရွာသည် လုံခြုံမှုရှိပါတယ်။(၂) ဒီကျေးရွာမှာ သူ့အောက်မှာ၊ အနီးအနားမှာ ၂၆ ရွာရှိပါတယ်။ ကျွန်တော်က အနည်းဆုံး ၁၀ ကနေ ၁၅ လောက်ဆိုရင်ရပါတယ်။ ၂၆ ရွာရှိပါတယ်။ (၃) လူဦးရေ Average ကလည်း ၁၁၈၆၄ ထိ၊ ၁၀၀၀၀ ကနေ ၁၅၀၀၀ အတွင်းမှာရှိ ရမှာကို သူက ၁၁၈၆၄ ဆိုတော့ ကိုက်ပါတယ်။ နောက် အနီးအနားကျေးရွာများမှာ ယင်းကျေးရွာကို သွားလာမှုလွယ်ကူ၍ ဗဟိုအချက်အချာကျတဲ့ တိုက်နယ်ဆေးရုံ သို့မဟုတ် မြို့နယ်ဆေးရုံကို လူနာ လွှဲပို့တဲ့အခါမှာလည်း လွယ်ကူစွာဖြစ်ရမယ်။ သည့စ်ကို ကြည့်တဲ့အခါမှာ ဖောင်းပြင်ဆေးရုံနဲ့ ၁၂ မိုင် ဝေးတယ်။ သရောက်တိုက်နယ်ဆေးရုံနဲ့ ရှစ်မိုင်၊ လူဝံကြီးကျေးလက်ကျန်းမာရေးဌာနနဲ့ ၁၀ မိုင် ဝေးမယ်။ နောက် မိုးရာသီမှာ လမ်းများ၊ တံတားများ ပျက်စီးခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး လည်း ခက်ခဲပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲကလည်း အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့အတွက် ၂၀၁၇-၂၀၁၈ မှာ ဒါက အကျုံးဝင်ပါတယ်။ Sanction ရအောင် ကျွန်တော်တို့လုပ်ပေးပါမယ်။ ဒုတိယ အချက်အနေနဲ့တစ်ခါ မိုင်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲကို ပြန်စိစစ်ပါတယ်။ စိစစ်တဲ့အခါမှာ မိုင်းချောင်းဟာ လုံခြုံမှုရှိပါတယ်။ (၂) မိုင်းချောင်းမှာ သူ့ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၂၀ ရှိပါ တယ်။ ထို့အပြင် လူဦးရေဟာ ၁၅၀၀၀ နီးပါးရှိပါတယ်။ နောက်မိုင်းချောင်းကျေးရွာသည် တံငါတိုက်နယ်ဆေးရုံနဲ့ ၁၈ မိုင်ဝေးပါတယ်။ မိုင်းချောင်း Sub-Center သည် တံငါတိုက်နယ်ဆေးရုံကို

သွားမယ်ဆိုရင် မိုးရွာသွန်း၍ ချောင်းရေကြီးလျှင်လည်း လှည်း၊ လှေကူး၍မရသော ချောင်း ၁၄ ချောင်းရှိပြီး အလွန်မြင့်သော ခါချဉ်တောင်တစ်ခု စုစုပေါင်း ၁၈ မိုင်ရှိပါတယ်။ သူ့မှာဆိုလို့ရှိရင် Sub-Center ဌာနခွဲက ရှိပြီးဖြစ်တဲ့အတွက် ဒီဥစ္စာကိုလည်း ၂၀၁၇-၂၀၁၈ မှာ ကျွန်တော်တို့ပေးပါမယ်။ ကျန်တဲ့ရွာ ရှစ်ရွာမှာ ကြည့်လိုက်တဲ့အခါမှာ Sub-Center ပေါ့လေ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ပေးဖို့၊ မပေးဖို့ ကြည့်လိုက်တဲ့အခါမှာ ခြောက်ရွာဖြစ်တဲ့ ရွာတန်းရှည်ရွာ၊ စန္ဒားကျေးရွာ၊ ကိုင်းပြင်ကျေးရွာ၊ ကွမ်းတောကျေးရွာ၊ ကောက်စားကျေးရွာနှင့် ဇီးကုန်းကျေးရွာများဟာ အနီးဆုံးကျေးလက်ကျန်းမာရေးဌာနနဲ့ တော်တော်ဝေးပါတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲပါတယ်။ နောက်ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ဖို့ မြေယာကလည်း အဆင်သင့်ရှိပါတယ်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း ထောက်ခံတင်ပြထားတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ပေးပါမယ်ခင်ဗျား။ ပေးမယ်ဆိုရင်လည်း ကျွန်တော်တို့မှာ အဆင့်ဆင့်ရှိပါတယ်။ ပထမ အမျိုးသားကျန်းမာရေးစီမံကိန်းကို ကျွန်တော်တို့ တင်ပြရပါတယ်။ ပြီးလျှင် စီမံကိန်းနှင့် ဖွံ့ဖြိုးရေးပုံစံစစ်ရေးအဖွဲ့ကို တင်ပြရပါတယ်။ ပြီးလျှင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဌာနကိုလည်း ပေးပို့ပြီး သဘောထားမှတ်ချက် တောင်းခံရပါတယ်။ သဘောထားမှတ်ချက်တောင်းခံလို့ ထောက်ခံမှုရမယ်ဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြီး ခွင့်ပြုချက်ရလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး Cabinet ကိုတင်ပြပြီး အတည်ပြုချက်ရပါတယ်။ ဒီ Step တွေအားလုံးကို ကျွန်တော်တို့လုပ်မှာပါ။ ဆိုလိုတာကတော့ ပထမ ခြောက်ရွာကိုတော့ Sub-Center ကျေးလက်ကျန်းမာရေးဌာနပေးပါမယ်။ ကျန်တဲ့ကျေးရွာနှစ်ရွာဖြစ်တဲ့ မန်မော်ကျေးရွာနဲ့ ပိုးစာကုန်းကျေးရွာ နှစ်ရွာအနက်မှာတော့ ကျွန်တော်တို့က ပိုးစာကုန်းကျေးရွာကို ကျွန်တော်တို့ပေးဖို့ရှိပါတယ်။ ကျွန်တော်တို့ ပြန်လည်ကြည့်တဲ့အခါမှာ အားလုံး Criteria နဲ့ ကိုက်တဲ့အတွက် ပိုးစာကုန်းကျေးရွာကိုတော့ ကျွန်တော်တို့ပေးမယ်။ မန်မော်ကျေးရွာကိုတော့ မပေးသေးပါဘူး။ အဲဒီတော့ အားလုံးနီးပါး လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အားလုံးနီးပါးတော့ အကုန်လုံးရသွားပါတယ်။ ဒီအဆင့်ဆင့်ကို ကျွန်တော်တို့က စတင်ပြီးတော့ ဆောင်ရွက်သွားနေပြီဖြစ်ကြောင်း လေးစားစွာတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအနှံ့အပြား၌ ဆေးရုံ၊ ဆေးခန်းနှင့်ဝေးသော ကျေးလက်ဒေသများတွင် မွေးဖွားလာရသော ကလေးသူငယ်များ မွေးစာရင်းမှန်ကန်၊ မြန်ဆန်စွာရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံအနှံ့အပြား၌ ဆေးရုံ၊ ဆေးခန်းနှင့်ဝေးသော ကျေးလက်ဒေသများတွင် မွေးဖွားလာရသော ကလေးသူငယ်များ မွေးစာရင်းမှန်ကန်၊ မြန်ဆန်စွာရရှိနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းရင်းကတော့ ကျွန်မတို့မြန်မာနိုင်ငံမှာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး GDP အချိုးဟာ နိုင်ငံရဲ့လူဦးရေ အပေါ်မှာမူတည်ပြီးတော့ ရေးဆွဲရတာဖြစ်တဲ့အတွက် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်း၊ ပြည်ထောင်စု အဆင့်ထိ လူဦးရေမှန်ကန်တိကျရာမှာ အလွန်အရေးကြီးပါတယ်။ လူဦးရေတိကျမှန်ကန်မှုဟာ လူသားအရင်းအမြစ်ပေါ်အခြေခံပြီး စီးပွားရေးမူဝါဒချမှတ်ရာမှာလည်း နိုင်ငံရဲ့လူဦးရေစာရင်းဟာ အင်မတန်အရေးကြီးပါတယ်။ နောက်တစ်ချက်က ကျွန်မတို့မြို့နယ်အဆင့်မှာပဲ အလွန်အရေးပါတဲ့ ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးမြို့နယ်များကို CCD ဘတ်ဂျက်ရရှိရန် လျှောက်ထားရာတွင်လည်း GDP အပေါ်အခြေခံပြီး ခွင့်ပြုဘတ်ဂျက်ကို ထုတ်ပေးခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာလည်း ပြည်သူအများ အလွန်စိတ်ဝင်စားမျှော်လင့်ပြီး မဲစာရင်းတိကျခိုင်မာမှုမရှိဘဲ မဲစာရင်း မှားယွင်းမှုများမှာလည်း နိုင်ငံအနှံ့အပြားမှာ ဖြစ်ခဲ့တာကိုလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ မြန်မာနိုင်ငံမှာ မြို့နယ်တစ်မြို့နယ်ရဲ့ ကျန်းမာရေးဦးစီးဌာနမှာရှိတဲ့ ဖွား/သေ စာရင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာရှိတဲ့ မြို့နယ်လူဦးရေစာရင်းများဟာ ခေတ်မီ နည်းစနစ်များဖြင့် လုပ်ဆောင်မှုအားနည်းလျက်ရှိပါတယ်။ ကျွန်မမြို့နယ်အတွင်း ကျေးလက်တွေ ဆင်းတဲ့အခါမှာ တွေ့ရတာကတော့ ဆေးရုံ၊ ဆေးခန်းနဲ့ဝေးတဲ့ကျေးလက်တွေမှာ မိခင်လောင်းတွေဟာ မိရိုးဖလာအရပ်က ကလေးမွေးပေးသူများနှင့် မွေးဖွားလာရတဲ့အခါမှာ ကလေးတွေဟာ မွေးစာရင်း မရှိကြပါဘူး။ ဒါကြောင့် ကလေးများအတွက် အရေးကြီးတဲ့မွေးစာရင်းဟာ ကလေးတွေရဲ့ ကာကွယ် ဆေးထိုးတာကနေစပြီး ပညာရေး၊ နိုင်ငံသားကတ်ရရှိရေး၊ အိမ်ထောင်စုစာရင်းဝင်ဖြစ်ရေးအထိ အခြေခံလိုအပ်ချက်ကြီးတစ်ခု ဖြစ်နေပါတယ်။ မိဘတွေကိုယ်တိုင်ကလည်း ကလေးမွေးစာရင်းကို ဘယ်လိုလုပ်ရမယ်၊ ဘယ်နေရာမှာလုပ်ရမယ်ဆိုတာကို ဂဃနဏမသိကြပါဘူး။ ကျွန်မတို့နိုင်ငံမှာ ကျေးရွာများအထိ သားဖွားဆရာမကို ကျေးရွာအုပ်စုအလိုက် ခန့်အပ်ထားနိုင်ခြင်းမရှိသေးတဲ့အတွက် မိခင်လောင်းများဟာ မွေးစာရင်းရရန် အခက်အခဲရှိနေကြပါတယ်။ မြို့နယ်အတွင်းလိုအပ်နေတဲ့ မွေးစာရင်းတွေကို ကျေးရွာအုပ်စုအလိုက် အလှည့်ကျ သက်ဆိုင်ရာဌာနက လုပ်ပေးနိုင်ရင်တော့ အဆင်ပြေနိုင်ပါလိမ့်မယ်။ ဆေးရုံ၊ ဆေးခန်းများတွင် မီးဖွားသူများကဲ့သို့ မွေးစာရင်းများကို လွယ်ကူစွာ မရရှိသည့်အပြင် အထက်က ကျွန်မပြောခဲ့သလိုပဲ ကလေးငယ်များရဲ့ ကာကွယ်ဆေးထိုးခြင်း၊ ကျောင်း အပ်နှံခြင်း၊ နိုင်ငံသားကတ်ပြုလုပ်ခြင်း၊ ပုံစံ(၁၀)ခေါ် အိမ်ထောင်စုစာရင်းများပြုလုပ်ရာတွင်လည်း အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်၏မေးခွန်းအား ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အချိန်အနည်းငယ်

တစ်မိနစ်လောက်တော့ ပိုမယ်ထင်ပါတယ်ခင်ဗျား။ ဒီမေးခွန်းဟာ အလွန်အရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက်။ ဒါ ဘာကြောင့်အရေးကြီးလဲ ကျွန်တော်တင်ပြလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ Population Policy မရှိသေးပါဘူး။ ကျွန်တော်တို့နိုင်ငံကို စစ်တမ်းအရ Myanmar Demographic Health Survey စစ်တမ်းအရ ကြည့်တဲ့အခါမှာ Neg; Reproduction Rate က (၁)အောက်ကို ရောက်နေပါတယ်။ ဆိုလိုတာက ဒီအတိုင်းသွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ လူမျိုးတွေက တဖြည်းဖြည်း၊ တဖြည်းဖြည်းနည်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တကယ်ပဲ နည်းသလား၊ မနည်းဘူးလားဆိုတာ သိဖို့အတွက်က လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ Registration ပေါ့၊ မွေးစာရင်းမြန်မြန်ရဖို့ကိစ္စက အလွန်အရေးကြီးပါတယ်။ အဲဒီတော့ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ မြန်မာနိုင်ငံ၏ ဖွား/သေမှတ်ပုံတင်ခြင်းစနစ် ပိုမိုကောင်းလာဖို့အတွက်လည်းကောင်း၊ နိုင်ငံတကာအဆင့်အတန်းမီသောစနစ်ဖြစ်လာရန်အတွက်လည်းကောင်း၊ မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းဇယားများ မှန်ကန်စွာရရှိပြီး သဘာဝအလျောက် လူဦးရေတိုးနှုန်း(Population Growth Rate)၊ ဖွား/သေစာရင်းအင်းညွှန်းကိန်းများ မှန်ကန်စွာ တွက်ချက်နိုင်ဖို့အတွက်ကို အစိုးရအနေနဲ့က ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှာ (၆/၂၀၁၆)အမိန့်ကြော်ငြာစာနဲ့ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့ခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ ကျွန်တော် ဥက္ကဋ္ဌ ဖြစ်ပါတယ်။ အမြဲတမ်းအတွင်းဝန်သုံးဦးပါပါတယ်။ ညွှန်ကြားရေးမှူးချုပ် ၁၀ ဦးပါပါတယ်။ ဒါ ဗဟိုအဖွဲ့။ ဗဟိုအဖွဲ့ရှိပါတယ်။ တိုင်းဒေသကြီးအဖွဲ့ရှိပါတယ်။ ခရိုင်အဖွဲ့ရှိပါတယ်။ မြို့နယ်အဖွဲ့ရှိပါတယ်။ ဒီအဆင့်တိုင်း၊ အဆင့်တိုင်းမှာ သေသေချာချာ ကျွန်တော်တို့ Term of Reference တာဝန်ပေးထားပါတယ်။ ဒီအဖွဲ့ကလည်း ခဏခဏ အစည်းအဝေးထိုင်ပြီး လုပ်နေပါတယ်။ တော်တော်လည်း ပီပီပြင်ပြင်လုပ်နေပါတယ်။ အဲဒီတော့ ဒီအဖွဲ့ရဲ့ဦးဆောင်မှုနဲ့ သုံးပိုင်း ရှိပါတယ်။ ကျွန်တော် တစ်ခုချင်းပြောပါမယ်။ (၁) ဆေးရုံဆေးခန်း၌မွေးသော ကလေးငယ်များအတွက် ဆေးရုံ၊ ဆေးခန်းများ၌ မွေးစာရင်းထုတ်ပေးပါတယ်။ (၂) ရပ်ကွက်၊ ကျေးရွာများ၌ မွေးသောကလေးများအတွက်ကတော့ သားဖွားဆရာမများမှ မွေးဖွားမှုဆိုင်ရာအချက်အလက်များစာရင်းမှာ ဖြည့်သွင်းပြီးတော့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူလက်မှတ်ထိုးပြီးတော့ မွေးစာရင်းပြန်ပေးလိုက်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးမေးတဲ့အတိုင်း ဆေးရုံ၊ ဆေးခန်းနှင့်ဝေးသော ကျေးလက်ဒေသများရှိ အရန်သွားဖွားဆရာမ မိရိုးဖလာအရပ်လက်သည်ဖြင့် မွေးဖွားသောကလေးများအတွက်ဆိုလို့ရှိရင်တော့ သက်ဆိုင်ရာ အရန်သားဖွားဆရာမနဲ့ အရပ်လက်သည်တို့ဟာ သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက် အကူအညီဖြင့် အဆိုပါကျေးရွာအုပ်စုပိုင် Sub-center မှာရှိတဲ့သားဖွားဆရာမသို့ မွေးဖွားကြောင်း အကြောင်းကြားပါက သားဖွားဆရာမမှတစ်ဆင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ တင်ပြပြီး မွေးစာရင်းထုတ်ပေးပါတယ်ခင်ဗျား။

ဒီအထက်ပါလမ်းကြောင်းသုံးကြောင်းအတိုင်း မဆောင်ရွက်လိုက်ရသော ကလေးများအတွက်ဆိုရင် ကျွန်တော်တို့ ဘယ်လိုတာဝန်ယူရလဲဆိုတော့ မိဘအုပ်ထိန်းသူများကနေပြီးတော့ သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်နဲ့ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစီအစဉ်ဖြင့် ကျွန်တော်တို့ဆောင်ရွက်လျက်ရှိတဲ့ One Stop Service ဆိုတာရှိပါတယ်။ Service

တွေအကုန်ပေးတာ။ အဲဒီအချိန် ဖွင့်လှစ်တဲ့အခါမှာ သတင်းပေးပို့မှုရှိလို့ရှိရင် အဲဒီမှာ တစ်ခါတည်း ကျွန်တော်တို့က မွေးစာရင်းထုတ်ပေးပါတယ်ခင်ဗျား။ ဒီနေရာမှာ ကျွန်တော် တင်ပြချင်တာက ဒီမွေးဖွားမှုပုံစံတွေ ပိုမိုပြီးတော့ လူတွေသိတယ်။ အသိဉာဏ်ရှိပြီးတော့ မှတ်ပုံတင်ဖို့အတွက်ကို မွေးဖွားမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ၂၀၁၄ ခုနှစ်မှာ စတင်လုပ်ခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်မှာ လုပ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်မှာ လုပ်ပါတယ်။ လုပ်တဲ့အခါမှာ မကွေးမှာ မှတ်ပုံတင်မရှိတဲ့ကလေးတွေက ၂၀၁၄ ခုနှစ်မှာ ၁၂၃၆၃၃၆ ဦး လာမှတ်ပုံတင်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဆိုလို့ရှိရင်လည်း ၁၇၈၆၇၀ ဦး လာတင်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ စာရင်းဇယားတွေ တော်တော်ပြည့်စုံလာပါတယ်။ ဒီမွေးစာရင်းတိုင်ကြားခြင်းကိစ္စရပ်ကို ပြန်လေ့လာတဲ့အခါမှာလည်း ကျွန်တော်တို့တွေ့ပါတယ်။ အရင်တုန်းက လွှမ်းခြုံမှုက ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ၇၂ ရာခိုင်နှုန်းရှိတယ်။ အခု ၈၀ ရာခိုင်နှုန်းရှိတယ်။ ၈၁.၃ ရာခိုင်နှုန်းအထိ မြင့်လာတာတွေ့ရတဲ့အတွက် နိုင်ငံအတွက် အလွန်ကောင်းတဲ့လက္ခဏာဖြစ်ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံရဲ့ ဖွား/သေ မှတ်ပုံတင်စနစ်ကို ပိုမိုကောင်းလာစေရန်နှင့် ကလေးလူငယ်အခွင့်အရေး အပြည့်အဝရရှိရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေလျှော့တဲ့ အမိန့်တစ်ခုထုတ်ပါတယ်။ အမိန့်စာကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှာ ကျွန်တော်တို့ ထုတ်ပါတယ်။ အဲဒီ ထုတ်ပြန်ချက်အတိုင်း ဆောင်ရွက်ဖို့အတွက်ကိုလည်း မွေးဖွားမှုနဲ့သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်း လမ်းညွှန်စာအုပ်ကို UNICEF နဲ့ပေါင်းပြီး ကျွန်တော်တို့ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ကျွန်တော်ကိုယ်တိုင် ဒီ UNICEF ရယ်၊ ဖွား/သေဌာနနဲ့ ကျွန်တော်တို့ပေါင်းပြီးတော့ လုပ်ပါတယ်။ အသေးစိတ်ပါပါတယ်။ ဘယ်လိုဘယ်လိုလုပ်ရမလဲဆိုတာ သေသေချာချာ အပြန်ပြန်အလှန်လှန်စစ်ပြီးမှ ဒီစာအုပ်ကို ထုတ်မှာပါ။ ဒီစာအုပ်ရှိထားပြီဆိုရင် ပြည်သူများသည် ၎င်းခရိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည်လည်းကောင်း၊ တိုင်းနှင့်ပြည်နယ် အုပ်ချုပ်ရေးမှူးများသည်လည်းကောင်း ဘာလုပ်ရမယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိမည်ဖြစ်တဲ့အတွက် မွေးဖွားမှုဟာ အားလုံးပိုပြီးတော့ စာရင်းဇယားပြည့်စုံမှာဖြစ်ပါတယ်။ ဒီနေရာမှာ ဒီအမိန့်စာအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ဘူးသီးတောင်၊ မောင်တောမြို့နယ်များမှာ ၂၀၁၇ ခုနှစ်၊ မေလ၊ ဇွန်လအတွင်းမှာ ငါးနှစ်အောက် ကလေးများအားလုံး မွေးမှတ်ပုံတင်ရန်နှင့် မွေးစာရင်းထုတ်ပေးရေးကို စီမံချက်ချပြီး ကျွန်တော်တို့ သေသေချာချာလုပ်တဲ့အခါမှာ ဒီ မောင်တော၊ ဘူးသီးတောင်မှာရှိတဲ့ ကလေးစုစုပေါင်း ၁၃၂၈၈ ဦးကို ကျွန်တော်တို့ မွေးစာရင်းထုတ်ပေးလိုက်ပါတယ်။ ဒါတော်တော်ကောင်းပါတယ်။ စာရင်းဇယားပြည့်စုံလာတဲ့သဘောကို ဖော်ဆောင်ပါတယ်။ နောက် မွေးစာရင်းများ မြန်ဆန်စွာရရှိရေးမှာမူ မိဘများမှ တိုင်ကြားရာတွင် ကလေးမွေးသည့် နေရာ၊ ဒေသ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၏ စိတ်ဝင်စားမှုအချက်များအပေါ်မူတည်ပြီးတော့ အချိန်ကြာမြင့်မှုဟာ ပြောင်းလဲနိုင်ပါတယ်။ တချို့က တင်ပြီးတော့မရဘူးဆိုတာ Complain တွေရှိပါတယ်။ ကျွန်တော်တို့ ပြန်လေ့လာတဲ့အခါမှာ ကျန်းမာရေးဌာနကလည်း သားဖွားဆရာမဆီကို သတင်းပို့မယ်ဆိုရင် ပုံမှန်အားဖြင့် သတင်းပို့ပြီးတော့ တစ်လအတွင်း မွေးစာရင်းရပါတယ်။ တစ်ခါတရံ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် အကြောင်းအမျိုးမျိုးကြောင့်တော့ အနည်းငယ်ကြန့်ကြာမှုရှိတာကို တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ကတော့ မြန်မာနိုင်ငံတွင် မည်သည့်ဒေသတွင်မဆို မွေးဖွားသည့်ကလေးငယ်များအတွက် မွေးစာရင်းမှန်ကန်စွာရရှိရေးအတွက် နှီးနွယ်ဝန်ကြီးဌာနများနှင့် ညွှန်ကြားရေးမှူးချုပ် ၁၀ ဦး ပါတဲ့အဖွဲ့ပေါ့။ ဒါကနေပြီးတော့ ကျွန်တော်တို့ ဦးဆောင်ပြီးတော့ လမ်းညွှန်ချက်နဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များချမှတ် ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးစိုင်းဦးခမ်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ ရှေးဦး အရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေး ဆိုင်ရာ မဟာဗျူဟာအစီအစဉ်များချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်း ကြောင်းအဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက် ရေးမှာ လူ့စွမ်းအားအရင်းအမြစ်ဟာ ပဓာနကျလှပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဟာ နိုင်ငံ တိုးတက်ခြင်းရဲ့ ဗိသုကာတွေဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဗိသုကာတွေကို စနစ်တကျ ပျိုးထောင်မွေးထုတ်ခြင်းဟာလည်း အရေးကြီးလှပါတယ်။ ဒါဟာ အခြားမဟုတ်ပါဘူး။ ရှေးဦးကလေး သူငယ်ပြုစုပျိုးထောင်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေပဲဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုနှင့် မဟာဗျူဟာလုပ်ငန်းတွေ စနစ်တကျချမှတ်ဆောင်ရွက်ခြင်းဟာ နိုင်ငံတော်အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ သာဓကနှင့်ပြရမယ်ဆိုရင် ပေါလောပေါ်နီယာမကို ဖော်ထုတ်ခဲ့တဲ့ သင်္ချာပညာရှင် အီတလီနိုင်ငံသား အာခိမိဒိ ခေတ်ပေါ်သိပ္ပံပညာအတွက် အုတ်မြစ်ချ ပေးတဲ့ E is equal to $mc^2$ ကို ရှာဖွေတွေ့ရှိသူ ဂျာမနီနိုင်ငံသား အဲစ်ဘက်အိုင်းစတိုင်း ကမ္ဘာ့ မြေဆွဲအားနှင့် အလင်းရဲ့နိယာမကို ရှာဖွေတွေ့ရှိခဲ့သူ အိုင်းစက်နယူတန် အစရှိသူတို့ဟာ ကမ္ဘာကျော် လူ့စွမ်းအား အရင်းအမြစ်ဗိသုကာတွေပဲဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ လူသားရဲ့ကမ္ဘာကြီးတစ်ခုလုံးရဲ့ အကြီးမား ဆုံးသောတိုးတက်ဖွံ့ဖြိုးမှုတွေ ဖြစ်ပေါ်စေပါတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ အခြား စွမ်းဆောင်

ရှင်များ သို့မဟုတ် သာမန်လူသားများနည်းတူပဲ ကလေးဘဝကို ဖြတ်သန်းလာခဲ့ကြပါတယ်။ ကလေးများစွာထဲက ထူးချွန်တဲ့ကလေးများပါဝင်နေတာဟာ အကြောင်းအရင်းရှိပါတယ်။ သုတေသနပြုချက်အရ လူသားတွေရဲ့ဦးနှောက်ကို မွေးစမှလှုံ့ဆော်လေ့ကျင့်ပေးဖို့ လေ့ကျင့်ပေးရင်လည်းပဲ ထူးချွန်တဲ့လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်ကြောင်း တွေ့ရှိရပါတယ်။ လူသားတို့ရဲ့ဦးနှောက်မှာ Neuron ဆိုတဲ့ဆဲလ်သန်းပေါင်း တစ်ရာကျော်ရှိပါတယ်။ ဒီဆဲလ်တွေဟာ တစ်ခုနှင့်တစ်ခု သီးခြားစီရှိပြီး သူတို့အချင်းချင်းချိတ်ဆက်မိဖို့လိုအပ်ပါတယ်။ ဒီလို ချိတ်ဆက်မိတဲ့ဆဲလ်အရေအတွက်ဟာ အနည်းအများအလိုက် ဉာဏ်ရည်ထက်မြတ်မှုကလည်း ကွာခြားသွားပါတယ်။ ဆိုလိုတာကတော့ Neuron ဆဲလ်တွေဟာ များများဆက်မိလေ ဉာဏ်ထက်မြတ်လေဖြစ်ပါတယ်။

Neuron ဆဲလ်တွေဟာ တစ်ခုနှင့်တစ်ခုချိတ်ဆက်မိဖို့ လှုံ့ဆော်မှုဆိုတာ လိုအပ်ပါတယ်။ လှုံ့ဆော်မှုဆိုတာဟာ သိမှုတစ်ခုဖြစ်အောင် ကလေးကို လေ့ကျင့်ပေးခြင်းမျိုးဖြစ်ပါတယ်။ ဥပမာ ပူခြင်းအသိဖြစ်ဖို့ မီးကို လက်တွေ့ထိတွေ့ခံစားစေခြင်းဖြင့်လည်းကောင်း၊ အေးခြင်းအသိတစ်ခုဖြစ်စေရန် ရေကို လက်တွေ့ထိတွေ့ခံစားစေခြင်းဖြင့်လည်းကောင်း လေ့ကျင့်ပေးခြင်းမျိုးဖြစ်ပါတယ်။ ပူခြင်း၊ အေးခြင်း အသိဖြစ်ရင် Neuron ဆဲလ်တွေဟာ တစ်ခုနှင့်တစ်ခုချိတ်ဆက်သွားပါတယ်။ များများလေ့ကျင့်လှုံ့ဆော်လေ ဆဲလ်တွေဟာ ပိုမိုဆက်မိလေ ဦးနှောက်ပိုမိုထက်မြတ်လေဖြစ်ပါတယ်။ ဒါ လူသားရဲ့ဦးနှောက်ပုံဖြစ်ပါတယ်။ Neuron ဆဲလ်တွေဟာ ဆက်မိရင် ခုနက ပြထားတဲ့ပုံအတိုင်းပဲ များများဆက်မိရင် ဉာဏ်ထက်မြတ်တယ်။ လှုံ့ဆော်မှုမရှိတဲ့ပုံတွေဆိုရင် ဒီဘက် ဘယ်ဘက်ခြမ်းက ပုံတွေဖြစ်ပါတယ်။ Neuron ဆဲလ်တွေဟာ သက်တမ်းရှိနေပါတယ်။ မွေးစကနေ ရှစ်နှစ်အထိ ပျမ်းမျှ သက်တမ်းရှိပါတယ်။ ရှစ်နှစ်ကျော်သွားရင် အဲဒီဆဲလ်တွေဟာ ဖွံ့ဖြိုးမှုအားနည်းပြီး ရပ်ဆိုင်းသွားပါတယ်။ ဒါကြောင့် ကလေးတွေရဲ့ အစောပိုင်းကာလတွေဖြစ်တဲ့ မွေးစကနေ ရှစ်နှစ်အထိသာလျှင် စနစ်တကျပျိုးထောင်ပေးဖို့ အရေးတကြီးလိုအပ်ပါတယ်။ ကလေးတွေအတွက် မူကြိုကျောင်းဟာ ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းမှာ မရှိမဖြစ်လိုအပ်လာပြီဖြစ်ပါတယ်။

ဒါကတော့ ကလေးဖွံ့ဖြိုးမှုမဏ္ဍိုင်ပုံများဖြစ်ပါတယ်။ များသောအားဖြင့် ရှစ်နှစ်ကာလ ရှစ်နှစ်အောက်ကလေးတွေဟာ ဖွံ့ဖြိုးမှုအများဆုံးဆိုတာ တွေ့ရပါတယ်။ ဒီဂရပ်ကလည်းပဲ ကလေးဖွံ့ဖြိုးမှုမဏ္ဍိုင်ကို ပြတာဖြစ်ပါတယ်။ ရှစ်နှစ်မှာ သူ့ရဲ့ဖွံ့ဖြိုးမှုဟာအများဆုံးဖြစ်နေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ မူလတန်းမတက်ခင် ငါးနှစ်အောက်ကလေးတွေကို မိဘတွေထံ ဖြစ်သလို အဆင်ပြေသလို ဘာမှလေ့ကျင့်မှုမရှိတဲ့ဘဝကို ဖြတ်သန်းစေတာက များလွန်းပါတယ်။ ကျေးလက်ဒေသက ကလေးအများစုဟာ မိဘတွေရဲ့ လယ်ယာလုပ်ငန်းခွင်မှာ လိုက်ပါပြီးတော့ လယ်တော၊ ယာတောထဲမှာ အချိန်ကုန်ပြီး ဘာမှဖွံ့ဖြိုးမှုမရှိတဲ့အရာနဲ့ကြုံတွေ့နေရပါတယ်။ ငါးနှစ်ပြည့်ပြီးမှသာလျှင် ရွာမှာရှိနေတဲ့ မူလတန်းကျောင်းကို ပို့ပါတယ်။ ကလေးတွေရဲ့ ပထမဦးဆုံးကျောင်းတက်ရတဲ့ရက်မှာ အားငယ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်းတွေနဲ့ ငိုယိုခြင်းတွေနဲ့ ခက်ခက်ခဲခဲဖြတ်သန်းခဲ့ကြပါတယ်။ ကလေးဘဝမှာ ပထဦးဆုံးသော အကူးအပြောင်းကာလရဲ့ ခါးသီးမှုစိတ်ဒဏ်ရာကို ရရှိစေလိုက်ခြင်းဖြစ်ပါတယ်။ ဒီဒဏ်ရာဟာ သူ့ဘဝတစ်လျှောက်လုံးမှာပျောက်မသွားတော့ပါဘူး။ ဘဝအကူးအပြောင်းကာလတစ်ခုဖြစ်တိုင်းဖြစ်တိုင်း အဲဒီကြောက်ရွံ့မှုတွေ၊ အားငယ်မှုတွေ၊ ဝမ်းနည်းမှု

တွေဟာ ပြန်ပြီးခံစားနေရမှာဖြစ်ပါတယ်။ နောက်ဆုံးအသက်ကြီးပိုင်းရောက်လာရင် သူငယ်ပြန်ရောဂါများဖြစ်သည်ထိ ခံစားရမှာဖြစ်ပါတယ်။

မိဘတွေအနေနဲ့ မိမိတို့ရဲ့ကလေးကို ငါးနှစ်ပြည့်မှသာလျှင် ကျောင်းအပ်ရမယ်ဆိုတဲ့အသိလောက်သာရှိပါတယ်။ ကလေးသူငယ်ဖွံ့ဖြိုးမှုကျောင်း ဘယ်လိုလေ့ကျင့်ပျိုးထောင်ပေးရမလဲဆိုတာကို အသိမျိုးလုံးဝမရှိတာများပါတယ်။ ကလေးငိုရင် ချော့မယ်။ ချော့လို့မရရင် အော်မယ်။ ငေါက်မယ်။ ရိုက်မယ်။ ခြိမ်းခြောက်မယ်။ ဒီလောက်ပဲသိကြတယ်။ အချိန်တန်ကျောင်းအပ်ပြီးရင် မိဘကိစ္စပြီးတယ်လို့ သိသူကများပါတယ်။ တစ်ဖန် ရွာမှာ အသိပညာဗဟုသုတရှိသူက ဦးဆောင်ပြီး ကလေးတွေအတွက် မူကြိုကျောင်းထားရှိဖို့ ဆောင်ရွက်တဲ့အခါမှာ ပါဝင်မှုအားနည်းလွန်းလှပါတယ်။ အဓိကကတော့ ငွေကြေးအကုန်အကျများတာ၊ မအားလပ်တာ၊ အချိန်မပေးနိုင်တာ၊ အသိပညာဗဟုသုတနည်းပါးတာဟာ အများစုမူကြိုကျောင်းတွေအတွက် မအောင်မြင်တာတွေ့ရပါတယ်။ အခက်အခဲဆုံးကတော့ မူကြိုဆရာမကို ပေးရမယ့် လစဉ်ထောက်ပံ့ကြေးများဖြစ်ပါတယ်။ မြို့ပြတွေမှာ လူမှုဝန်ထမ်းဦးစီးဌာနကဖွင့်ထားတဲ့ မူကြိုကျောင်းအနည်းစုနဲ့ ပုဂ္ဂလိကမူကြိုကျောင်းများ တွေ့ရပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနကဖွင့်ထားတဲ့ မူကြိုကျောင်းတွေမှာ ကျောင်းနဲ့နီးတဲ့ကလေးသာလျှင် တက်ရောက်တာများပြီး ဝေးတဲ့ကလေးတော့ မတက်ရောက်နိုင်တာတွေ့ရပါတယ်။ ပုဂ္ဂလိကမူကြိုကျောင်းတက်ဖို့အတွက် ချမ်းသာတဲ့မိဘတွေကသာထားနိုင်ပြီး ဆင်းရဲတဲ့ကလေးအများစုက မတက်ရောက်နိုင်ကြပါဘူး။ မြို့ပြမှာရှိတဲ့ ပုဂ္ဂလိကမူကြိုကျောင်းရဲ့ လစဉ်ကြေးဟာ ကလေးတစ်ဦးကို ကျပ်တစ်သောင်းကနေ ငါးသောင်း တချို့ တစ်သိန်းအထိယူနေကြတာတွေ့ရပါတယ်။ ကလေးတွေအတွက် အရေးကြီးတဲ့အချိန်မှာ ငွေကြေးမတတ်နိုင်ခြင်းဆိုတဲ့ အခန်းကဏ္ဍကြောင့် ဘက်စုံဖွံ့ဖြိုးခွင့်မရကြပါဘူး။

ဒါကတော့ အာဆီယံနိုင်ငံမှာရှိနေတဲ့ ဂရပ်နှင့် မြန်မာနိုင်ငံမှာရှိနေတဲ့ မြို့ပြကျေးလက်ကျောင်းတွေနဲ့ မူကြိုကျောင်းတက်တဲ့ ဂရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကျေးလက်တွေမှာ ၁၅.၉ ရာခိုင်နှုန်းပဲတွေ့ရပါတယ်။ အာဆီယံနိုင်ငံမှာ ၅၇ ရာခိုင်နှုန်းထိမြင့်နေတာကို တွေ့ရပါတယ်။ မြို့ကျောင်းတွေမှာ မူကြိုတက်ခွင့်ရတဲ့ကလေးနဲ့၊ မူကြိုတက်ခွင့်မရတဲ့ကလေးနှစ်ဦးကို ယှဉ်ရင် တက်ခွင့်ရတဲ့ကလေးက ဦးနှောက်ဖွံ့ဖြိုးမှုပိုပြီးတော့ သာလွန်နေတာကို တွေ့ရပါတယ်။ ဒါမှ ထိုမှ တစ်ဆင့် စတုတ္ထတန်း၊ အဋ္ဌမတန်း၊ တက္ကသိုလ်ဝင်တန်းတွေအထိ ကလေးနှစ်ဦးရဲ့ကွာခြားချက်တွေကို ပိုမိုသိသာလာပါတယ်။ အစောပိုင်းကာလ ဦးနှောက်ဖွံ့ဖြိုးမှုဆိုင်ရာလှုံ့ဆော်မှုကို အထူးလေ့ကျင့်ပေးထားတဲ့ကလေးက တက္ကသိုလ်ဝင်တန်းမှာ ထူးချွန်အောင်မြင်သွားပြီး လေ့ကျင့်မှုမရှိတဲ့ကလေးက စာမေးပွဲမှာအောင်မြင်မှုနည်းတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ကလေးပြုစုပျိုးထောင်ရေးကျောင်းတွေဖြစ်တဲ့ မူကြိုကျောင်းတွေ အရေအတွက်ဟာ အလွန်နည်းပါးနေတာကို တွေ့ရပါတယ်။ ထို့အတူ ပြုစုသူမူကြိုဆရာမများကို မွေးထုတ်ပေးတဲ့သင်တန်းကျောင်းလည်း မရှိပါဘူး။ ယနေ့ပြည်သူ့လွှတ်တော်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို တင်သွင်းနေပြီဖြစ်တဲ့အတွက် ကျွန်တော်တင်တဲ့ အဆိုဟာ တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်တဲ့ အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း ထင်ရှားပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အထူးအရေးကြီးလှတဲ့ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်

ရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာမဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းလိုပါကြောင်း အဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဦးခမ်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ အဆိုရှင် ဦးစိုင်းဦးခမ်းရဲ့ ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာမဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ၁၉၉၀ ပြည့်နှစ်လွန်ကာလကပင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရှေးဦးအရွယ်ကလေးသူငယ် (Early Child) ဟုဆိုတာ မွေးခင်းစအရွယ်မှ သူငယ်တန်းမဝင်မီအရွယ်ကို ဆိုလိုပါတယ်။ မွေးစမှ သုံးနှစ်အရွယ်ကလေးများကို မိဘနှင့် အိမ်သားများက ကြည့်ရှုစောင့်ရှောက်ကြပါတယ်။ သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများကိုတော့ အချို့က အိမ်မှာစောင့်ရှောက်တယ်။ အချို့က အခြေခံပညာကျောင်းများမှာ တွဲဖက်ဖွင့်လှစ်ထားတဲ့ မူကြိုကျောင်းများမှာလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားတဲ့ မူကြိုကျောင်းများမှာလည်းကောင်း၊ ပုဂ္ဂလိကမူကြိုကျောင်းများမှာလည်းကောင်း၊ ပြုစုပျိုးထောင်စောင့်ရှောက်လျက်ရှိကြပါတယ်။ ကလေးသူငယ်များကို မိသားစုဝင်၊ ပတ်ဝန်းကျင်၊ ရပ်ရွာက ဝိုင်းရံလျက်လည်းရှိပါတယ်။ ကလေးများရှင်သန်ကြီးပြင်းလာဖို့အတွက် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုပေါင်းသင်းဆက်ဆံရေးပိုင်း ဖွံ့ဖြိုးမှုများအတွက် ပံ့ပိုးကူညီရန် လိုအပ်ပါတယ်။ မူကြိုကျောင်းတက်တဲ့ကလေးဒါမှမဟုတ် မူကြိုအတွေ့အကြုံရှိတဲ့ကလေးဟာ ပိုမိုသွက်လက် တက်ကြွစူးစမ်းလိုစိတ် ပိုမိုများပြားပြီး ရဲရင့်တယ်။ ဆက်ဆံရေးကောင်းတယ်။ ဘာသာစကားပိုမိုကြွယ်ဝတာတွေ တွေ့ရှိရပါတယ်။ အခြေခံကျောင်းမှာရှိတဲ့ ကျောင်းသင်ဘာသာရပ်တွေကိုလည်း အဆင့်အတန်းမီမီ လွယ်လင့်တကူသင်ယူနိုင်ပါတယ်။ ကျောင်းထွက်မှု၊ အတန်းကျမှုနည်းကြောင်းကိုတော့ ပြည်တွင်း၊ ပြည်ပလေ့လာသုံးသပ်ချက်များအရ သိရှိရပါတယ်။ သို့အတွက် သုံးနှစ်ကနေပြီးတော့ ငါးနှစ်အရွယ်ကလေးများဟာ မူကြိုကျောင်းများကိုပို့ပြီး ဘက်စုံဖွံ့ဖြိုးရေးကို ရယူလျက်ရှိပါတယ်။

ကျွန်မတို့နိုင်ငံမှာ မူလတန်းကြိုပညာရေးအပါအဝင် ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းအစီအစဉ်တွေကို ဆောင်ရွက်ကြရတာဟာ ကလေးသူငယ်အခွင့်အရေး၊ အပြည်ပြည်ဆိုင်ရာညီလာခံက မျှော်မှန်းချက်ကို ဖြည့်ဆည်းပေးရန်အတွက်လည်းကောင်း၊ ကလေးသူငယ်များရဲ့ အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ သဘောထားကြေညာစာတမ်းအရလည်းကောင်း ဝိုင်းဝန်းဆောင်ရွက်ကြခြင်းပဲ ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်လွန်ကာလရောက်တဲ့အခါမှာ ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံ

ကိန်းနှင့် လေ့ကျင့်ရေးဌာနနှင့် UNICEF တို့ပူးပေါင်းပြီး Early Child hood Core and Development (ECCD) ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းစီမံချက်ကို ဆောင်ရွက်ခဲ့တယ်လို့ဖတ်ရှုမှတ်သားခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ် Asian Seminar Workshop on ECCD System Development မှာ ဆွေးနွေးခဲ့ကြတာကတော့ မူကြိုအရွယ်ကလေးများရဲ့ ဘက်စုံဖွံ့ဖြိုးမှုအတွက် မြှုပ်နှံရမယ့်အရင်းအနှီးနဲ့ ကလေးများအရွယ်ရောက်လာပြီး ဘဝတစ်သက်တာအတွက် ရရှိတဲ့အကျိုးအမြတ်ကို လေ့လာကြည့်မယ်ဆိုရင် အရင်းနည်းနည်းနဲ့ အဆမတန် အမြတ်များများရရှိတယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ထောင်စုနှစ် ဖွံ့ဖြိုးရေးဆိုင်ရာ မျှော်မှန်းချက်များ၊ ဆင်းရဲမွဲတေမှုလျှော့ကျရေးဆိုင်ရာမျှော်မှန်းချက်များ၊ လူတိုင်းအတွက် ပညာရေး၊ ကလေးသူငယ်နှင့် မိခင်ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ သန့်ရှင်းရေး၊ ကလေးသူငယ်အခွင့်အရေးရရှိရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မျှော်မှန်းချက်များ ပြည့်မီဖို့အတွက် ECCD ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းဟာ အခြေခံကျတဲ့အခန်းကဏ္ဍဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒဟာ မြန်မာနိုင်ငံမှာ မွေးစကနေပြီး ရှစ်နှစ်အရွယ် ကလေးဦးရေးအနည်းဆုံး ရှစ်သန်းခန့်ကို နှစ်စဉ်အကျိုးခံစားရစေမယ်လို့ မျှော်လင့်ထားကြပါတယ်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒရည်မှန်းချက်များနှင့် ဦးတည်ရည်ရွယ်ချက်များ၊ ပြည့်မီလာစေဖို့အတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အခြားသောဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး မဟာဗျူဟာများကို အကောင်အထည်ဖော်မယ်လို့ သိရှိရပါတယ်။ အဲဒီမဟာဗျူဟာတွေကတော့ (၁) ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားပြီးစအချိန်များအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ (၂) မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ဝန်ဆောင်မှုများ၊ (၃) မွေးစမှ ငါးနှစ်ကလေးများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာစစ်ဆေးပံ့ပိုးသည့်ဝန်ဆောင်မှုများ၊ (၄) သုံးနှစ်မှ လေးနှစ်အရွယ်ကလေးသူငယ်များအတွက် မူကြိုပညာရေး၊ (၅) အထူးလိုအပ်ချက်ရှိနေသော ကလေးသူငယ်များရဲ့ အခွင့်အရေးများကို အပြည့်အဝဖြည့်ဆည်းပေးခြင်း၊ မိသားစုဘဝကိုထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ မိသားစုနှင့်အတူ နေထိုင်နိုင်စေရန် စီစဉ်ဖန်တီးခြင်း၊ (၆) ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရသောကလေးများ၊ ကယ်ဆယ်ရေးစခန်းများ၊ ရွှေ့ပြောင်းနေထိုင်ရာအရပ်များတွင် နေကြရသောကလေးများ၊ မတရားအနိုင်ကျင့်ခံရသော၊ လျစ်လျူရှုခြင်းခံနေရသောကလေးများ၊ ရောဂါဝေဒနာခံစားနေရသောကလေးများအတွက် အကာအကွယ်ပေးသော ဝန်ဆောင်မှုများ၊ (၇) အတတ်ပညာရှင်၊ ကျွမ်းကျင်သူများနှင့် စေတနာရှင်လုပ်အားပေးများ သို့မဟုတ် စေတနာ့ဝန်ထမ်းများ၏ အရည်အသွေးစွမ်းဆောင်ရည်ကိုမြှင့်တင်ပေးရန်၊ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစနစ် တည်ထောင်ခြင်း၊ (၈) အရည်အသွေးထိန်းသိမ်းခြင်းနှင့် တာဝန်ခံခြင်းအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်ထူထောင်ခြင်း၊ (၉) မူဝါဒကိုကျယ်ကျယ်ပြန့်ပြန့်သိရှိထောက်ခံမှုရရှိစေရန် ပြန်ကြားဆက်သွယ်ပညာပေးခြင်း၊ (၁၀) ကဏ္ဍပေါင်းစုံပါဝင်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ်ကို ဖွဲ့စည်းထူထောင်ခြင်းတို့ ပါဝင်ပါတယ်။ ကလေး

သူငယ်ဘက်စုံဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုဟာ အခြားစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းထက် အကျိုးအမြတ်များရုံမက လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက်လည်း အကျိုးများစွာရရှိစေတာကြောင့် နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးမှာ အစိုးရရဲ့ရင်းနှီးမြှုပ်နှံမှုတွေအနက် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ စီးပွားရေးဦးဆောင်ပညာရှင်များကလည်း ထောက်ခံတင်ပြထားကြပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အမေရိကန်ခရီးစဉ်အတွင်း အင်တာဗျူးကောက်နှုတ်ချက်မှာ မူလတန်းပညာရေးကိုကြည့်မယ်ဆိုရင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးကို ပြန်ကြည့်ရပါမယ်။ ကလေးမမွေးဖွားခင် မိခင်ကျန်းမာရေး အာဟာရပြည့်ဝရေးကို ဂရုစိုက်ရမှာဖြစ်ပြီး မွေးလာတဲ့ကလေးကို ကောင်းစွာကျွေးမွေးပြုစုစောင့်ရှောက်ရေးကိစ္စဟာ ကျွန်မတို့လူ့အသိုင်းအဝိုင်းအတွက် အလွန်တရာမှ အရေးကြီးတဲ့ကိစ္စဖြစ်ပြီး အကျိုးအမြတ်လည်းရှိလှပါတယ်။ ဒါကြောင့် အခြေခံပညာရေးတစ်ခုတည်းကိုသာ အာရုံစိုက်မနေဘဲ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုကို ကဏ္ဍတစ်ခုအနေနဲ့ လွှမ်းခြုံစဉ်းစားသင့်တယ်လို့ မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာမဟာဗျူဟာအစီအစဉ်တွေကို ချမှတ်ဆောင်ရွက်ပေးခြင်းဟာ အနာဂတ်မြန်မာနိုင်ငံတော်ရဲ့ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်တာဖြစ်တဲ့အတွက် သိန္နီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးစိုင်းဦးခမ်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာမဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့

၁၉-၁၀-၂၀၁၇ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုတင်သွင်းရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းတင်သွင်းဖို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံစေကြောင်း နှုတ်ခွန်းဆက် ဂါရဝပြုရင်း ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်က ဆွေးနွေးစဉ်းစားသွားနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အဆို မတင်သွင်းခင်မှာ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းရဲ့ရည်ရွယ်ချက်၊ ကျိုးကြောင်းဖော်ပြချက်နဲ့ အကျိုးကျေးဇူးတို့ကို ရှင်းလင်း တင်ပြခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ရည်ရွယ်ချက်အနေနဲ့ကတော့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းအား ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မူကြိုအရွယ် ကလေးသူငယ်များ မူလတန်းကြိုကျောင်း တက်ရောက်မှုနှုန်း မြင့်မားလာစေရန်၊ လုပ်ငန်းတည်ထောင် ဖွင့်လှစ်ဆောင်ရွက် မှုနဲ့ပတ်သက်၍ ပြစ်မှုနှင့်ပြစ်ဒဏ်များချမှတ်မှု လျှော့ပေါ့ပေးနိုင်ရန်နှင့် ဥပဒေပါပြဋ္ဌာန်းထားသော လုပ်ငန်းစဉ်များ လျှော့ချပေးနိုင်ရန်တို့အတွက် ရေးဆွဲထားရှိပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄)ဖြင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့တဲ့ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၈ မှာ နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကို ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုတဲ့ ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်

များနှင့်အညီ လျှောက်ထားရမည်လို့ ပြဋ္ဌာန်းထားခြင်းနှင့်စပ်လျဉ်း၍ နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများဖွင့်လှစ်ရာတွင် မည်သူမဆိုတည်ထောင်ခွင့်ပြုမိန့်ကို ဥပဒေပုဒ်မ ၈ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမှာ ဖြစ်ရာ ကျေးရွာများနဲ့ ဝေးလံခေါင်ဖျားတဲ့ အရပ်ဒေသတို့မှာ စေတနာ့ဝန်ထမ်းများအနေဖြင့် နေ့ကလေးထိန်းဌာနနဲ့ မူလတန်းကြိုကျောင်းများဖွင့်လှစ်ရန် အခက်အခဲအဟန့်အတားတစ်ခု ဖြစ်နေကြောင်းတွေ့ရှိရပါတယ်။ ဒါ့အပြင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၁၉ မှာလည်း ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်း ကိုဖြစ်စေ ဆောင်ရွက်လိုတဲ့ ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကနဲ့အစိုးရမဟုတ်သော အဖွဲ့အစည်းဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှု ဝန်ထမ်းရုံးသို့ လျှောက်ထားရမည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ကျေးရွာများနဲ့ ဝေးလံခေါင်ဖျားတဲ့ အရပ်ဒေသတို့မှာ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်ဆောင်ရွက်ရန် အခက်အခဲအဟန့်အတားတစ်ခုဖြစ်နေပြီး သတ်မှတ်ချက်နဲ့မညီညွတ်ပါက ဥပဒေပုဒ်မ ၃၃ နဲ့ ၃၄ တို့နဲ့ပြစ်ဒဏ်များကို ချမှတ်ခံရမှာဖြစ်ပါတယ်။ ဒီဥပဒေကိုပြင်ဆင်ခြင်းဖြင့် ရရှိနိုင်မယ့်အကျိုးကျေးဇူး များကတော့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင် သည့်ဥပဒေအား အတည်ပြုပြဋ္ဌာန်းပြီးပါက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃ နဲ့ ၃၄ ပါပြစ်ဒဏ်များကိုလည်း ဖြေလျှော့ပြီးဖြစ်ပါသဖြင့် မူလတန်းကြိုကျောင်းများ ဖွင့်လှစ်တည်ထောင်ခြင်းနှင့် ရပ်ရွာအခြေပြုလုပ်ငန်းနဲ့ အိမ်အခြေပြု လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ပြီး ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းကိုကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုးတိုးတက်လာစေကာ မူကြိုအရွယ် ကလေးသူငယ်များ မူလတန်းကြိုကျောင်းတက်ရောက်မှုနှုန်း မြင့်မားလာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆွေးနွေးပေးနိုင်ပါရန်နှင့် စဉ်းစားပေးနိုင် ပါရန်အတွက် ပြည်သူ့လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက

## အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ အားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ အစီရင်ခံစာဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၂၇၅

ရက်စွဲ ၊ ၂၀၁၇ ခု နှစ်၊ ဩဂုတ် လ ၂၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၇-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၉၈)/ ပထစ- ၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့်အခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိ ရပါသည်-

(က) ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) မူကြိုအရွယ် ကလေးသူငယ်များ မူလတန်းကြိုကျောင်း တက်ရောက်မှုနှုန်းမြင့်မား လာစေရန်၊

(ဂ) ပြစ်မှုနှင့်ပြစ်ဒဏ်များ ချမှတ်မှုလျှော့ပေါ့ပေးနိုင်ရန်၊

(ဃ) ဥပဒေပါပြဋ္ဌာန်းထားသောလုပ်ငန်းစဉ်များ လျှော့ချပေးနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၆-၇-၂၀၁၇ ရက်နှင့် ၁၇-၈-၂၀၁၇ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက် ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံ ရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ကြပါသည်။ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှေးဦးအရွယ် ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၂၇၅

ရက်စွဲ ၊ ၂ ၀ ၁ ၇ ခု နှစ်၊ ဩ ဂုတ် လ ၂၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၇-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၉၈)/ ပထစ- ၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) မူကြိုအရွယ် ကလေးသူငယ်များ မူလတန်းကြိုကျောင်း တက်ရောက်မှုနှုန်းမြင့်မားလာစေရန်၊

(ဂ) ပြစ်မှုနှင့်ပြစ်ဒဏ်များချမှတ်မှု လျှော့ပေါ့ပေးနိုင်ရန်၊

(ဃ) ဥပဒေပါပြဋ္ဌာန်းထားသောလုပ်ငန်းစဉ်များ လျှော့ချပေးနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၆-၇-၂၀၁၇ ရက်နှင့် ၁၇-၈-၂၀၁၇ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား

**မူကြမ်း**

ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၁၉ ပိုဒ် ပါရှိပါသည်။

( ခ) အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၅ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များအပါအဝင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-

၃။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၇ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များအပါအဝင် အောက်ပါ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-

( ဂ) အပိုဒ် ၂ ကို အပိုဒ် ၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၈။ (က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် နေ့ကလေးထိန်း ဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကို ဖြစ်စေ၊ စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်း ရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

( ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ စီးပွားရေး အကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက

တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

(ဂ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုး အမြတ်အလို့ငှာမဟုတ်သော နေ့ကလေးထိန်း ဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဃ) အပိုဒ် ၃ ကို အပိုဒ် ၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၉ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ပုဒ်မ ၈ ပုဒ်မခွဲ(ဂ)အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေး ရမည်။

(င) အပိုဒ် ၄ ကို အပိုဒ် ၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေး အကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားချက်ဖြစ်ပါ က တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြု မိန့်ထုတ်ပေးရမည်။

(စ) အပိုဒ် ၆ ကို အပိုဒ် ၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၄ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်။

(ခ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင် ခွင့်ပြုမိန့်ကို သက်တမ်းတိုးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင် သည်။

(ဆ) အပိုဒ်၈ ကို အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်။

၁၀။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

မူကြမ်း

၁၉။(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ၊ စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ တည်ထောင် ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ မဟုတ်သော ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဇ) အပိုဒ် ၉ ကို အပိုဒ် ၁၁ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်။

၁၁။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၁၉ပုဒ်မခွဲ(က) နှင့်(ခ)တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) ပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချက်ထုတ်ပေးရမည်။

(ဈ) အပိုဒ် ၁၀ ကို အပိုဒ် ၁၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)တွင် ပါရှိသော သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်

ငြင်းပယ်ခြင်း ဆိုသည့်စကားရပ်ကို သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၁၆ ကို အပိုဒ် ၁၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၃ ပုဒ်မခွဲ(က)တွင် ပါရှိသော တည်ထောင်ဖွင့်လှစ်ခြင်းဆိုသည့်စကားရပ်ကို ဖွင့်လှစ်ခြင်းဟုပြင်ဆင် ပါသည်။

(ဋ) အပိုဒ် ၁၇ ကို အပိုဒ် ၁၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၃-က ခြေဆင်းတွင် ပါရှိသော ကျပ်တစ်ဆယ်သိန်းထက် မပိုသောဆိုသည့်စကားရပ်ကို ကျပ်ငါးသိန်း ထက်မပိုသောဟုလည်းကောင်း၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့တွင်ပါရှိသော တည်ထောင် ဖွင့်လှစ်ခြင်းဆိုသည့် စကားရပ်ကို ဖွင့်လှစ်ခြင်းဟုလည်းကောင်း ပြင်ဆင်ပါသည်။

(ဌ) အပိုဒ် ၁၉ ကို အပိုဒ် ၂၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၄-က တွင် ပါရှိသော ကျပ်ငါးသိန်းထက် မပိုသောဆိုသည့် စကားရပ်ကို ကျပ်သုံးသိန်း ထက်မပိုသောဟု ပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ယင်းရန်ပုံငွေများကို ဆိုသည့်စကားရပ်ကို ပုဒ်မခွဲ(က)အရ ထူထောင်ထားသော ရန်ပုံငွေများကိုဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သို့ဖြစ်ပါ၍ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၀-၁၀-၂၀၁၇ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့ လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကိုရုပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၂၅ နာရီ အချိန်တွင်ရုပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ (၁၇.၁၀.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးမြင့်ဦး
(မကွေး မဲဆန္ဒနယ်)



ဦးရွှေလှ (ခ) ဦးရွှေလှဝင်း
(သင်္ဃန်းကျွန်း မဲဆန္ဒနယ်)



ဒေါက်တာသန်းအောင်စိုး
(မင်းလှ မဲဆန္ဒနယ်)



ဦးထွန်းဝေ
(ဖောင်းပြင် မဲဆန္ဒနယ်)



ဒေါ်နီနီမေမြင့်
(တောင်ကုတ် မဲဆန္ဒနယ်)



ဒေါက်တာမြင့်ထွေး
(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်